| |
|---|
| **မြတ်ဗုဒ္ဓ၏အဆုံးအမတရား** |
| စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ |


# မြဝတီ

နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားနိုင်ငံ ဆာမားရာမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့သွားရောက်ကြည့်ရှုလေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၈**

ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့်(Official State Visit) ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ် ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏


**စာမျက်နှာ ၁၆ ကော်လံ ၁** ★





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်)

## နှစ်နိုင်ငံဆက်ဆံရေး စဉ်ဆက်မပြတ်ကောင်းမွန်ရေး

ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရဧည့်ဂေဟာ K2 ၌ကျင်းပပြုလုပ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ-ရုရှားနှစ်နိုင်ငံသည် ပထဝီအနေအထားအရအလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်းနီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကောင်းကိုထူထောင်ထားနိုင်သည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ရုံးနှစ်ခုကိုဖွင့်လှစ်ခဲ့သည်။ ရုရှားနိုင်ငံ၏သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့်နည်းပညာ ထွန်းကားတိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ မိမိတို့နှစ်နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။

စိန့်ပီတာစဘတ်မြို့တွင် ကောင်စစ်ဝန်ရုံးဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒားဘယ်ဂ်လော့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင်“ရုရှား-မြန်မာ ဆက်ဆံရေးကောင်းမွန်လျက်ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ်ရုံးသည် ပေါင်းကူးတံတားသဖွယ်ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒားဘယ်ဂ်လော့နှင့် မတ်လ ၅ ရက် ဒေသစံတော်ချိန်ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ အစိုးရဧည့်ဂေဟာ K2 ရှိအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှား-မြန်မာဆက်ဆံရေးကောင်းမွန်ခြင်းကြောင့် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့ပြင် စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သိမ်၊ ကျောင်း၊ စေတီတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ်ရောက်ရှိခြင်းဖြစ်သည်။ စိန်ပီတာစဘတ်မြို့သည် အချက်အချာကျပြီး အရေးပါသည့်အပြင် သမိုင်းအစဉ်အလာများရှိသည့်မြို့ဖြစ်သည်။ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံ၊ အလုပ်ရုံတွေ များစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း အချက်အချာကျလှသည်။ ထို့အတူ ပညာသင်ကြားရေးတွင်လည်း ကောင်းမွန်မှုရှိသည့်အတွက် မြန်မာနိုင်ငံနှင့်ဆက်သွယ်ဆောင်ရွက်ရန်ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့်လေကြောင်းလိုင်းများ တိုက်ရိုက် ပြေးဆွဲပျံသန်းလျက်ရှိသည်။ စိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“စိန့်ပီတာစဘတ်မြို့ရှိတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသားများ စနစ်တကျပညာသင်ကြားနိုင်ရေးနှင့်အခြားလိုအပ်သည့်ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်တန်းကာလနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထားသင်ယူသွားကြရန်လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များပြုလုပ်နေရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ဆက်ဆံမှုများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ ပညာတော်သင်ရောက်ရှိနေသူများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုကောင်းမွန်ရေးတွင် ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

## ပြည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှုစစ်ဆေး

ပြည် မတ် ၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အုတ်ဆွဲကျေးရွာနှင့် အင်းဝင်းကျေးရွာတို့၌ ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက မတ်လ ၈ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အုတ်ဆွဲကျေးရွာနှင့် အင်းဝင်းကျေးရွာတို့၌ ဝါစိုက်ခင်းများစိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရှည်အသုံးပြုနိုင်ရေးသက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပြည်မြို့နယ် အုတ်ဆွဲကျေးရွာနှင့်အင်းဝင်းကျေးရွာတို့၌ 2840 W ရှိသော ဆိုလာချပ်များတပ်ဆင်ခြင်းလုပ်ငန်း၊ ၂ လက်မ DC ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ပြည်ထောင်စုရန်ပုံငွေကျပ် ၉ ဒသမ ၈၁၄ သန်းအသုံးပြုပြီး ဖေဖော်ဝါရီလ ၂၈ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ချိုလေး

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၃-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ | ၄။ ၁၄:၅၅ | Sporty Zone |
| | | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မန္တလေးတိုင်းဒေသကြီးအတွင်း နွေသီးနှံများစိုက်ပျိုးမှုအခြေအနေများနှင့် စမုံရေထိန်းတမံနှင့် ရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စစ်ဆေး



**နေပြည်တော် မတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် တောမအုပ်စု ဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နွေနှမ်း (ဆင်းရတနာ ၃) မျိုးများကို ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူများ၏ ဧက ၅၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး သဲထုတ်ရေတံခါး၊ ပင်မရေပိုလွှဲနှင့် ရေတံခါးတပ်ရေပိုလွှဲများ ပြုပြင်ဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေတွင်ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိ အကူရေပိုလွှဲ (Fuse Plug Spillway)ထည့်သွင်းဆောင်ရွက်နေမှုနှင့် ရေစစ်သဲခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာစက်မှုဇုန်ရှိ ပုဂ္ဂလိကတိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်းတိရစ္ဆာန်အစာလိုအပ်ချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု၊ တိရစ္ဆာန်အစာ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်ကိုအသုံးပြု၍ စက်ရုံလည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ စမုံရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ စမုံချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်ကို ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့် ယာယီရေတားတမံမှ နွေသီးနှံရေပေးဝေမည့် ယာယီရေပေးမြောင်းကို သံဖရိန်၊ သံပြားကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောင်ရွက်ပြီး မတ်လ ၆ ရက်မှစတင်၍ ရေစမ်းသပ်ပေးဝေလျက်ရှိသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာအုပ်စု ကျွဲတပ်ကျေးရွာ တောင်သူဦးသန်းထွန်း၏ ငါးမွေးကန် ၁၃ ကန်ဖြင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြစ်သားမြို့နယ် ရွာသစ်ကျေးရွာရှိ ဆောင်းကြက်သွန်နီ(ရွှေဖလား) ဧက ၁၀၀ စံပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူလူထုလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိစေရန်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၈**

ပြည်သူလူထု လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိစေရန်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများ ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရဲရွှာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းရသည့် ဓာတ်အားလိုင်းသည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်တွင် တာဝါတိုင်တစ်တိုင်ပျက်စီးခဲ့ခြင်းနှင့် ဓာတ်အားလိုင်းကြိုး ၂၆ နေရာပြတ်ကျခဲ့ခြင်းများဖြစ်ပွားခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့ရာ ၎င်းပျက်စီးမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်တပ်ဆင်ဝန်အား ၄၀၀ မဂ္ဂါဝပ် ထုတ်လုပ်မှုမှာ လျှော့နည်းခဲ့၍ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု လျှော့နည်းခဲ့ရကြောင်း၊ ဓာတ်အားလိုင်းပြုပြင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဦးဆောင်တာဝန်ပေးအပ်မှုကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားလိုင်းပြုပြင်ရေးအဖွဲ့များသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ သုံးလခန့်ကြာသည်အထိ ပြုပြင်ရေးလုပ်ငန်းများကို ဝန်ထမ်းအင်အား ၆၈ ဦးဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်အတွင်း ဓာတ်အားလိုင်းများ ဖျက်ဆီးခံရမှုကြောင့်လည်းကောင်း၊ ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ဓာတ်အားပေးစက်ရုံများ ချွတ်ယွင်းမှုကြောင့်လည်းကောင်း၊ ဓာတ်ငွေ့လျှော့နည်းရရှိမှုကြောင့်လည်းကောင်း၊ ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ၁၄၄၀ မဂ္ဂါဝပ် လျှော့နည်းကာ ပြည်သူလူထုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု လျှော့နည်းနေချိန်တွင် အဆိုပါ ဝန်ထမ်းများသည် သက်စွန့်ဆံဖျား ပင်ပန်းဆင်းရဲခံ၍ ပြုပြင်ရေးလုပ်ငန်းများကို သုံးလတာ ကာလအတွင်း အန္တရာယ်များကြားမှ ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်ဝန်အား ၄၀၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပြန်လည် ထုတ်လုပ်/ပို့လွှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်အားလိုင်းနှင့်ပင်မဓာတ်အားခွဲရုံပြုပြင်ခဲ့ခြင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းသွားရောက်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးနည်းတူ ဌာနချုပ်များမှ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ခဲ့ရသည့် ဝန်ထမ်းများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် လုပ်ငန်းခွင်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် လိုင်းဝန်ထမ်းကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်း ကွင်းဆင်းစစ်ဆေးပြုပြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ပင်မဓာတ်အားခွဲရုံ စစ်ဆေးပြုပြင်မောင်းနှင်သည့် ဝန်ထမ်းများနှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း အသက်ဆုံးပါးသွားသောဝန်ထမ်း၏ ဇနီးဖြစ်သူတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေများနှင့် ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းပြုပြင်ရာတွင် အထောက်အကူပြုအဖွဲ့၌ ပါဝင်သောဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ပြုလန်းဆန်းစာအတူတကွသုံးဆောင်ခဲ့ကြသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ကျင်းပသည့် ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ထူးချွန်ဆုရသင်တန်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### ဟန်ကြီး ပန်ကြီးလုပ်မိခြင်း

ဤအတောအတွင်း ကျွန်ုပ်၏ခြေဖျားထောက်သောအပြစ်လေးများလည်း ပါရှိသေး၏။ ၁၉၁၇-၁၉၂၀ နှစ်များတွင် သူရိယနေ့စဉ်သတင်းစာအတွက် ဝတ္ထုများကို ကျွန်ုပ်တစ်ယောက်တည်း 'ဒိုင်ခံ'ရေးရသောအဖြစ်သို့ ရောက်ခဲ့လေပြီ။ သူရိယနေ့စဉ်သတင်းစာအယ်ဒီတာ ဦးဘကလေးသည် တခြားစာရေးဆရာများပို့ကြသည့် ဝတ္ထုများကိုလည်း မကြိုက်။ ကျွန်ုပ်အားလည်း ရေးပေးဖို့မပြောချင်ဘဲဖြစ်နေ၏။ ကျွန်ုပ်မှာလည်း မြန်မာ့ဗျူဟာဂျာနယ်၊ မြန်မာ့နဂ္ဂဟဂျာနယ်စသည်တို့တွင် ဈေးနှုန်းကောင်းကောင်းနှင့်ရေးရသောကြောင့် သူရိယနေ့စဉ်အတွက်မူ သူတို့ကတောင်းမှ ရေးပေးတော့မည်ဟု ဟန်ကြီးပန်ကြီးလုပ်လာ၏။ ဤတွင် ဦးဘကလေးသည် တခြားစာရေးဆရာတစ်ယောက်ရေးသည့် ဝတ္ထုတစ်ပုဒ်ကို နေ့စဉ်သတင်းစာတွင် ထုံးစံအတိုင်း ထည့်ပေးလိုက်ရာ တစ်လမျှမကြာမီ စာဖတ်သူများက ဝိုင်း၍ဆူကြသဖြင့် ရပ်ပစ်လိုက်ရ၏။ သို့နှင့် ကျွန်ုပ်အားလည်း အရေးမခိုင်း၊ ကျွန်ုပ်ကလည်း မဂ္ဂဇင်းအတွက်သာ တာဝန်ရှိသူဖြစ်၍ နေ့စဉ်သတင်းစာအတွက် မခိုင်းဘဲမရေးဟု ပေကတ်နေ၏။ သူရိယတိုက်တွင် အထက်ပိုင်းလူကြီးများ ဖြစ်ကြသော ဦးလှဖေ၊ ဦးဘဖေနှင့် ဦးဘကလေးတို့သည် ကျွန်ုပ်ကဲ့သို့သော တခြားလုပ်သားများအပေါ်တွင် ဗျူရိုကရက်ဆန်ကြသည်ဟု ကျွန်ုပ်ထင်သောကြောင့် ကျွန်ုပ်က တမင်တကာ ကတ်ဖဲ့လုပ်ခြင်းဖြစ်၏။ ကျွန်ုပ်နှင့်အတူ နှစ်လခန့်အလုပ်လုပ်ဖူးသည့် ပီမိုးနင်းကလည်း ဤအတိုင်းပင် ထင်မြင်ချက်ရှိ၍ ကျွန်ုပ်အား မြှောက်ပေးဖူးသည်။ ဤသည်မှာ ကျွန်ုပ်၏အပြစ်ဟူ၍မထင်။ တခြားနေရာများတွင် သိပ်သည်းစွာ နေထိုင်တတ်ပါက ကျွန်ုပ်ပင်မနိုင်စေဦး၊ အရှုံးထွက်လိမ့်မည်မထင်ပါ။ ယခုမှာ ရသမျှငွေကို ကိုခင်မောင်တင့်နှင့်အတူ (ဖော်ပြခဲ့သည့်နည်းအတိုင်း) လက်ကျန်မထားဘဲ သုံးဖြုန်းပစ်ချင်သည့် ကျွန်ုပ်၏အကျင့်ဆိုးကြောင့် အညံ့ခံခဲ့ရဖူးပါသည်။

### အဆင်မပြေမှုများ

သူရိယတိုက်နှင့်ပတ်သက်၍ ကျွန်ုပ်အညံ့ခံခဲ့ရပုံအခြင်းအရာကိုမဖော်ပြမီ သူရိယတိုက်သားတချို့နှင့် ကျွန်ုပ်အဆင်မပြေမှုလေးများရှိပုံကို ဖော်ပြရဦးမည်။ သူရိယအယ်ဒီတာအဖွဲ့တွင် ကျွန်ုပ်သည် လခအကြီးဆုံးမဟုတ်သော်လည်း (ဦးဘဖေနှင့် ဦးလှဖေ ၃၀၀ ကျပ်မျှစီလည်းကောင်း၊ ဦးဘကလေး



၁၈၀ ကျပ်မျှလည်းကောင်း၊ လွယ်အိတ် ဦးဘလှိုင်နှင့် သူကြီးဂေဇက် ဦးခင်မောင်တို့မှာ ကျွန်ုပ်နှင့် ပိန်မသာလိမ်မသာမျှလည်းကောင်း၊ ကိုဘသန်းမှာ ကျွန်ုပ်နှင့် တန်းတူမျှလည်းကောင်းရရှိကြသည်။ တိုက်အုပ်နှစ်ယောက်မှတစ်ပါး) ကျွန်ုပ်မှာ ဝတ္ထုများနှင့် တခြားစာပေများ ရေးသားခြင်းကြောင့် ဝင်ငွေအကောင်းဆုံးတစ်ယောက်ဖြစ်နေ၏။ ရန်ကုန်သားတစ်ယောက်မဟုတ်ဘဲ မနေ့တစ်နေ့ကမှ ရန်ကုန်သို့ ရောက်လာသူဖြစ်သည်နှင့် ကြွားလိုလှ၍မဟုတ်။ အညာသားတစ်ယောက်အနေဖြင့် အထင်သေးမခံရစေခြင်းငှာ တော်တော်ကြီး ပြောင်ပြောင်လက်လက် ဝတ်ဆင်လေ့ရှိ၏။ (ထိုခေတ်မှာ ဤခေတ်နှင့်မတူ၊ ယောကျ်ားချင်း အဝတ်ပြိုင်သောခေတ်ဖြစ်၏။) ဤခေတ်တွင် ခေါင်းပေါင်းလည်း နေရာတိုင်းမပေါင်းကြ။ ချည်လုံချည်နှင့် ဘုံဘိုင်ဖိနပ်လောက်ဖြင့် ပြီးကြသူများသော်လည်း ထိုခေတ်၌မူ စာရေးစာချီအတန်းအစားလူများသည် ကိုယ်တိုင်ပေါင်းရသော ဘီအေပေါင်း (မောင့်ကျက်သရေခေါင်းပေါင်းမဟုတ်) ပိုး၊ သို့မဟုတ် သက္ကလတ်၊ သို့မဟုတ် တဲ့ဖက်တာအင်္ကျီ၊ နောန်ထရက် သို့မဟုတ် ဆက္ကဖုံး စသော ဖိနပ်ကောင်းများကို လူတိုင်းလိုဝတ်ဆင်ကြသည်။

ကျွန်ုပ်၏အသက်တာတစ်လျှောက်လုံးတွင် (ထိုခေတ်ကကဲ့သို့ ရန်ကုန်မြို့၌ ယောကျ်ားချင်းအဝတ်ပြိုင်သောခေတ်ကို မကြုံခဲ့ရဖူးပေ။) တိုက်အုပ် ဦးလှဖေမှာ ပိုးသားတောင်ရှည်ကို နေ့တိုင်းဝတ်၍ လုံချည်နှင့် အလုပ်တက်သောနေ့ပင် မမြင်ဖူးချေ။ အယ်ဒီတာ ဦးဘကလေးသည် ပိုးလုံချည် 'ထည်လဲ' နှင့် သစ်လွင်သောအင်္ကျီ၊ ဖိနပ်များကို နေ့တိုင်းဝတ်၏။ ဦးဘဖေမူကား (ငွေစုသမားတစ်ယောက်ဖြစ်၍) အဝတ်အစားဘက်တွင် သင့်တင့်ရုံမျှဝတ်လေသည်။ ကျွန်ုပ်မူကား ဝင်ငွေကောင်းသည့်ပြင် 'အညာသား' ကို အထင်သေးမခံနိုင်သည့်အတွက်ကြောင့် ဦးဘကလေး စသော လူစုထက်မညံ့အောင် ဝတ်ဆင်ခဲ့သည်။ ကျွန်ုပ်၏ ဂိုက်ဆိုက်ပြောင်းလဲလာခြင်းကို မြင်ကြရသောအခါ ကျွန်ုပ်အား မျက်နှာထားတစ်မျိုးနှင့် ကြည့်ကြသည်ဟု ကျွန်ုပ်ထင်သည်။ သူတို့ရှေ့မှ ကျွန်ုပ်ဖြတ်သွား၍ လွန်လာပြီးမှ ရုတ်တရက် ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ သူတို့အချင်းချင်း 'မျက်စပစ်' ပြခြင်းကို ကျွန်ုပ်မြင်လိုက်ရဖူးသည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကျွန်ုပ်အား တခြားတိုက်သားများက ဝိုင်းပြီး မနာလိုလျက်ရှိသည်ဟု ကျွန်ုပ်အထင်ရောက်လျက်ရှိလေပြီ။

### သူရိယအယ်ဒီတာအဖွဲ့

ဤသို့သောအခြေအနေတွင် သူတို့နှင့်ရောနှောပေါင်းသင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ခြင်းကိုလည်းကောင်း၊ ရောနှောခြင်းအလုပ်တွင်လည်း မိမိကအနာခံ၍ 'မျှော'ခြင်းသည် အရာရောက်ဆုံးဖြစ်ခြင်းကိုလည်းကောင်း နောင်အခါ၌ ကျွန်ုပ်နားလည်ပါသည်။ ဥပမာ ဟိုတယ်တစ်ခု၌ ၎င်းတို့ရောက်နေကြစဉ် ကျွန်ုပ်ဝင်သွားသောအခါ သူတို့စားပွဲတွင် ဝင်ထိုင်ပြီး တစ်ခွက်စီတိုက်လိုက်လျှင် (ကျွန်ုပ်တတ်လည်းတတ်နိုင်ပါသည်။) အခြေအနေအတော်ကောင်းသွားမည်ဖြစ်၏။ ထိုကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ်ဝတ်ပြုလိုက်ပါက အားလုံးနေရာကျသွားရမည်ဖြစ်၏။ ယခုသော် ကျွန်ုပ်အား ဆီး၍မခေါ်သောလူများဟုဆိုကာ ထိုလူစုကို မမြင်ချင်ပြု၍ သူတို့နှင့်အဝေးဆုံးသော စားပွဲတစ်ခုသို့သွားပြီး တစ်ယောက်တည်းထိုင်သောက်၏။ (သူရိယအယ်ဒီတာအဖွဲ့တွင် လူလတ်ပိုင်းကမူ လွယ်အိတ် ဦးဘလှိုင်မှတစ်ပါး အနည်းအကျဉ်း သောက်တတ်သူများပါသည်။ သို့သော် ယစ်ထုတ်များကား မဟုတ်ကြပါ။ သေရည်အရက်သောက်ခြင်းနှင့်ပတ်သက်၍ လူအများနှင့် ကျွန်ုပ်အယူအဆကွဲလွဲမှုရှိ၏။ နောက်ပိုင်းတွင် တချို့လူများသည် ကျွန်ုပ်အား "ပီမိုးနင်းကြီးတစ်ယောက် အရက်သောက်တတ်တယ်ဆို" ဟု မေးတတ်ကြရာ ကျွန်ုပ်က "ကျွန်တော်လည်းသောက်တတ်တာပဲ" ဟု လုံးပို သက်သက်ဖြည့်စွက်ဖြေဆိုလေ့ရှိပါသည်။) ထိုစဉ်က အယ်ဒီတာအဖွဲ့ဝင်များအနက် နောင်အခါတွင် မနေနိုင်သည့် 'ယစ်ထုတ်' ဖြစ်သွားကြသူများလည်းရှိကြသည်။ သို့သော် ကျွန်ုပ်မူကား ထိုကဲ့သို့မဖြစ်စေဘဲ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်ခဲ့ခြင်းအတွက် ကျေနပ်ပါသည်။ သောက်တတ်ဖူးခြင်းအတွက် ရှက်စရာကြီးတစ်ခုဟူ၍ မယူဆပါ။ ကျွန်ုပ်၏အဘိုးက "ယောကျ်ားလေးဆိုတာ စုံမှကွဲ့" ဟူသောစကားတစ်လုံးကို ကျွန်ုပ်သဘောကျဖူးကြောင်း ဖော်ပြခဲ့ရာ 'စုံ' ခြင်းဟူသည်မှာ သေရည်သေရက်သက်သက်ကိုသာဆိုလိုခြင်း မဟုတ်ကြောင်းကို ရှေ့တွင် အလျဉ်းသင့်သောနေရာ၌ ရှင်းလင်းဖော်ပြရပါဦးမည်။

### အမြင်ကတ်စရာ လူတစ်ယောက်

ကျွန်ုပ်အား ငွေဝင်လေးကောင်း၍ 'ထောင်လွှားသော အညာသားတစ်ယောက်' ဟု တချို့တိုက်သားများက အမြင်ကတ်လာကြသည်ဟု ကျွန်ုပ်ထင်လာသောအချိန်မှစ၍ ကျွန်ုပ်သည် ဖော်ပြခဲ့သည့်နည်းအတိုင်း ရောနှောဖို့မကြိုးစားတော့ဘဲ (ကြိုးစားထိုက်သည်ဟူ၍လည်း ကျွန်ုပ်နားမလည်သေး) သာ၍အမြင်ကတ်အောင် လုပ်ချင်သောစိတ်မျိုးသာ ဖြစ်ပေါ်လာပါတော့သည်။ ထိုခေတ်၌ ကွမ်းခြံ (ရန်ကုန်) ဘူတာအနီး ပန်းဆိုးတန်းလမ်းပေါ်တွင် 'ဆိုရှယ်ရဲ့စ်တောရင့်' ခေါ် ဟိုတယ်၌ ဘိလိယက်ခုံများရှိရာ ၎င်းတွင် ကျွန်ုပ် ဘိလိယက်ထိုးလေ့ရှိသဖြင့် ဟိုတယ်ပိုင်ရှင် ဗိုလ်ကပြားလင်မယားနှင့် အကျွမ်းတဝင်ဖြစ်လာ၏။ ၎င်းတို့၌ ဒေါက်ကပ်ကောင်းတစ်ခုရှိရာ သူတို့ကပြားအချင်းချင်းအား တစ်နာရီငါးကျပ်နှုန်းဖြင့် ငှားလေ့ရှိ၏။ မြန်မာများအားမူကား သူတို့ကလည်း မငှား၊ ငှားစီးသော မြန်မာများလည်း ရှားလှသည်။ ကျွန်ုပ်မူကား သူတို့လင်မယားနှင့် အကျွမ်းတဝင်ရှိ၍ ၎င်းနှုန်းအတိုင်းငှားစီး၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ရပ်ကွက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း




ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းရရှိသော စာအုပ်စာစောင်များကို မြို့နယ်အတွင်းရှိရပ်ကွက်စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို မတ်လ ၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြဝင်းက စာအုပ်၊ စာစောင်များ လှူဒါန်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသော စာအုပ်များကို မိမိတို့သက်ဆိုင်ရာ ရပ်ကွက်စာကြည့်တိုက်များတွင် စနစ်တကျစာရင်းရေးသွင်းထားကြရန်လိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း စသည်တို့ကိုပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြဝင်းတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသောစာအုပ်များကို သက်ဆိုင်ရာ ရပ်ကွက်စာကြည့်တိုက်မှူးများထံ ပေးအပ်လှူဒါန်းရာ ရပ်ကွက်စာကြည့်တိုက်မှူးတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော်  မတ်  ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကိုသွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက်ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
MEMBER BODY OF: ASIA EVANGELICAL ALLIANCE WEA WORLD EVANGELICAL ALLIANCE

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်




## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အောင်မြင်မှုများစွာဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။


သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့




## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများမှ အကြီးအကဲများ၏ ချစ်ကြည်ရင်းနှီးစွာဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံနှင့်လူမျိုးတို့အတွက် လူမှုစီးပွားဘဝတိုးတက်အောင် သမိုင်းဝင်အောင်မြင်မှုများဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

စာမျက်နှာ ၆ သို့ ◆

◆ စာမျက်နှာ ၅ မှအဆက်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်းရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌ နှင့်
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

## လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ကောင်စီဝင်များ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
## ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၈.၃.၂၀၂၅)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဝမ်းမြောက်ဂုဏ်ယူဆုမွန်စကား

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တို့၏ အောင်မြင်မှုခရီးစဉ်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံတော်၏ငြိမ်းချမ်းရေးနှင့် စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို နှစ်ထောင်အားရဝမ်းသာပီတိဖြစ်ရသည်နှင့်အတူ ဆတက်ထမ်းပိုးအောင်မြင်မှုရပါစေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putinနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ် ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှု ရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း **မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# မူပိုင်ခွင့်ဆိုင်ရာများနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် မတ် ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အောင်ဆန်းခန်းမ၌ မတ်လ ၆ ရက်က မူပိုင်ခွင့်ဆိုင်ရာများနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူပိုင်ခွင့်အသိပညာများ၊ မူပိုင်ခွင့်အကျိုးကျေးဇူးများနှင့်သက်ဆိုင်ရာကဏ္ဍများအား မူပိုင်ခွင့်အသိပညာဖြန့်ဝေပေးလျက်ရှိရာ တက္ကသိုလ်၊ ကောလိပ်၊ သုတေသနဌာနများလည်းပါဝင်ကြောင်း၊ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တက္ကသိုလ်များ၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်နိုင်မည့်အပြင် နည်းပညာများလွှဲပြောင်း ရယူနိုင်မည်ဖြစ်ပြီး အသစ်အသစ်သောတီထွင်ဖန်တီးမှုများ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို ၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း ဟောပြောဆွေးနွေးသည်။ **သက်မောင်(ကျောက်ဆည်)**

# သရေခေတ္တရာမြို့ဟောင်းအနောက်ဘက်ရှိ ကြက်တူရွေးတောင်ပေါ်၌ ရှုခင်းကြည့်မျှော်စင်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

ပြည် မတ် ၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သရေခေတ္တရာမြို့ဟောင်း အနောက်ဘက်ရှိ ကြက်တူရွေးတောင်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၃)မှတာဝန်ယူ၍ ရှုခင်းကြည့်မျှော်စင် တည်ဆောက်လျက်ရှိရာ လက်ရှိတွင် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ သရေခေတ္တရာဌာနစုမှ သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြီးမှူး၍ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ သရေခေတ္တရာမြို့ဟောင်းနှင့် အနီးပတ်ဝန်းကျင်ရှိရှုခင်းများကို ခရီးသွားဧည့်သည်များ အပေါ်စီးမှ ကြည့်ရှုခံစားနိုင်စေရန် ရှုခင်းကြည့်မျှော်စင်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ရှုခင်းကြည့်မျှော်စင်က စုစုပေါင်းအမြင့် ၄၂ ပေရှိမှာဖြစ်ပါတယ်။ ၁၂ ပေစီအမြင့်ရှိတဲ့ အဆင့်နှစ်ဆင့်၊ ၁၀ ပေအမြင့်ရှိတဲ့အဆင့်တစ်ဆင့်နဲ့ အမိုးပြာသာဒ်အပိုင်းတွေပါမယ်။ အဆင့်တွေတိုင်းမှာ ရှုခင်းတွေကို လှည့်ပတ်ကြည့်လို့ရအောင် ပတ်လမ်းတွေ ထည့်သွင်းတည်ဆောက်မှာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းလောက်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်မှာ ပထမနှစ်ဆင့်ကို RC ကွန်ကရစ်လောင်းပြီးပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလထဲမှာ အပေါ်ကအမိုးပြာသာဒ်နဲ့အဆင့်ကို ဆက်ပြီးတော့ ကွန်ကရစ်လောင်းတယ်။ လက်ရှိမှာ လုပ်ငန်းအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ သရေခေတ္တရာဌာနစုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရှုခင်းကြည့်မျှော်စင်တည်ဆောက်နေသော ကြက်တူရွေးတောင်ပေါ်နေရာသည် သရေခေတ္တရာမြို့ဟောင်းအတွင်း အမြင့်ဆုံးနေရာဖြစ်သည့်အတွက် ထိုရှုခင်းကြည့်မျှော်စင် တည်ဆောက်ပြီးစီးပါက သရေခေတ္တရာမြို့ဟောင်းတစ်ခုလုံးနှင့် မြို့ဟောင်းထဲရှိ အထင်ကရစေတီပုထိုးများကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ကြက်တူရွေးတောင် အနောက်ဘက်ခြမ်းရှိ ပြည်မြို့ဘက်မှ ရှုခင်းများနှင့် ဧရာဝတီမြစ်ကမ်းအထိ လှမ်းမျှော်ကြည့်ရှုနိုင်မည့်အပြင် ပြည်မြို့ဘက်ရှိ မင်းကြီးတောင်ပေါ်မှ စေတီပုထိုးများကိုလည်း လှမ်း၍ဖူးမြော်နိုင်မည်ဖြစ်သောကြောင့် သရေခေတ္တရာမြို့ဟောင်းသို့ ခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုလာရောက်ကြပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လင်းခေး မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့နယ် ဒါးဆိပ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို မတ်လ ၈ ရက်နံနက်ပိုင်းတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိ သူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့် သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် လင်းခေးမြို့နယ် ဒါးဆိပ် ကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင် ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း ၇၈ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

မင်းမြင့်မိုရ်

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၃-၂၀၂၅ (တနင်္ဂနွေနေ့)

၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၀၆:၀၃ တရားတော်
၃။ ၀၇:၁၅ မေတ္တာပို့
၄။ ၀၇:၂၅ ဓမ္မပူဇာတေး
၅။ ၀၇:၃၅ ကိုယ်လက်လှုပ်ရှား အားကစား
၆။ ၀၇:၄၅ (၃၈)ဖြာ မင်္ဂလာ
၇။ ၀၈:၁၀ မျိုးချစ်တပ်မတော်
၈။ ၀၈:၂၅ မောင်မယ်လေးများသိစေချင်
၉။ ၀၉:၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၀:၁၀ နိုင်ငံတကာသတင်း
၁၁။ ၁၀:၂၀ စာပေနှင့်အနုပညာသတင်း
၁၂။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ၁၁:၁၅ အတွေးအမြင်
၁၄။ ၁၁:၂၀ သာယာသီကြွေး ခေတ်ဆန်းတေး
၁၅။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၁၆။ ၁၄:၂၀ Music Gallery
၁၇။ ၁၅:၂၀ ဇာတ်လမ်းတို
၁၈။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၉။ ၁၈:၄၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၂၀။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၇) သရုပ်ဆောင် - ခန့်စည်သူ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ - တင်အောင်စိုး (ပန်းမြို့တော်)**
၂၁။ မိုးလေဝသသတင်း

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## မင်္ဂလာစကား

* တစ်ပါး သူ့အကြောင်း၊ မကောင်းသတင်း
အငြင်းပွားစရာ၊ မကြားပါလို
နားမှာ မင်္ဂလာ ရှိချင်သည်။

* တစ်ပါး သူ့အကြောင်း၊ မကောင်းသတင်း
အငြင်းပွားစရာ၊ မပြောပါလို
နှုတ်မှာ မင်္ဂလာ ရှိချင်သည်။

* သူ၏အတ္တ၊ ကိုယ့်အတ္တနှင့်
အတ္တ ကျွန်ဖြစ်၊ နှံ့မနစ်ချင်
ချစ်လေသောအခါ၊ ပျားသကာလို
မချစ်လေသောအခါ၊ ခါး တမာလို
လိမ်ညာစကား၊ မပြောကြားဘဲ
နှုတ်ဖျားမင်္ဂလာ ရှိလိုလျှင်။
မိမိကိုယ်ကို မြဲဆင်ခြင်။
နားမှာ မင်္ဂလာရှိလိုလျှင်။
မကောင်းသူကို ဖယ်ရှောင်ကြဉ်။ ။

**မြင်းမူမောင်နိုင်မိုး**

ယမန်နေ့မှအဆက်

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်းကြေညာ

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ ကျောင်းသူများ၏ အမည်စာရင်းကြေညာခြင်း

| စဉ် | ဝန်ကြီးဌာန | တက္ကသိုလ် | ကျောင်းသား/သူ အမည် | အထူးပြုဘာသာရပ် |
|---|---|---|---|---|
| ၁၂၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) | မခင်ဟေသာနှင်း | ကွန်ပျူတာသိပ္ပံနှင့်နည်းပညာ |
| ၁၂၄ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ်(ဘားအံ) | မခြူးသိမ့်သိမ့်ထွန်း | ကွန်ပျူတာသိပ္ပံနှင့်နည်းပညာ |
| ၁၂၅ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ထားဝယ်) | မအိန္ဒြေခြူးငုံ | မြို့ပြ |
| ၁၂၆ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(မြိတ်) | မောင်ဝင်းအောင်ကျော် | မြို့ပြ |
| ၁၂၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ပင်လုံ) | မမေမွန်နေမျိုး | စက်မှု |
| ၁၂၈ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(ကျိုင်းတုံ) | မဖြိုးဘရဏီ | အီလက်ထရွန်နစ် |
| ၁၂၉ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Polytechnic University(မအူပင်) | မောင်ညီညီ | လျှပ်စစ်စွမ်းအား |
| ၁၃၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | Naypyitaw State Polytechnic University | မောင်ဇူးစံမင်းကျော် | စက်မှု |
| ၁၃၁ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၁)ရန်ကုန် | မမေသူထွန်း | ဆေးပညာ |
| ၁၃၂ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မန္တလေး | မောင်သစ်လွင်ထူး | ဆေးပညာ |
| ၁၃၃ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၂)ရန်ကုန် | မောင်ဘုန်းမြတ်သာ | ဆေးပညာ |
| ၁၃၄ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မကွေး | မောင်ထက်လင်းအောင် | ဆေးပညာ |
| ၁၃၅ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ တောင်ကြီး | မောင်ဟံသာအောင်တင် | ဆေးပညာ |
| ၁၃၆ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် | မောင်စောစိုးမိုးအောင် | သွားဆေးပညာ |
| ၁၃၇ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး | မောင်ထွန်းလင်းအောင် | သွားဆေးပညာ |
| ၁၃၈ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် | မအိဖြူစင်ဦး | ဆေးဝါး |
| ၁၃၉ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဝါးတက္ကသိုလ်၊ မန္တလေး | မောင်ရာဇာသန်းတိုးအောင် | ဆေးဝါး |
| ၁၄၀ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် | မသဇင်နှင်းစက် | ဆေးဘက်ဆိုင်ရာနည်းပညာ |
| ၁၄၁ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး | မောင်သာထက် | ဆေးဘက်ဆိုင်ရာနည်းပညာ |
| ၁၄၂ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ ရန်ကုန် | မချစ်စံဝင်း | သူနာပြု |
| ၁၄၃ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ မန္တလေး | မထက်ဝေအောင် | သူနာပြု |
| ၁၄၄ | ကျန်းမာရေးဝန်ကြီးဌာန | အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး | မောင်သန်းထိုက်အောင် | အခြေခံကျန်းမာရေး |
| ၁၄၅ | ကျန်းမာရေးဝန်ကြီးဌာန | တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) | မသွယ်နှင်းအောင် | တိုင်းရင်းဆေး |

ယမန်နေ့မှအဆက်

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၁ | မောင်အောင်ထက်ဇေ | အထက(၁)ဇလွန် | ဇလွန် | ဟင်္သာတ |
| ၁၃၂ | မဝတ်ရည်ဖြိုး | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၃ | မောင်သော်ဇင်လင်း | အထက - ချင်းမြောင် | ကြံခင်း | မြန်အောင် |
| ၁၃၄ | မယောဟဏီသွင် | အထက - ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်ဥက္ကာဗိုလ်ဗိုလ် | အထက (၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မဇွန်မီမီမောင် | အထက (၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၇ | မောင်ထူးအံ့လင်း | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မအိမ့်ဖူးမွန် | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၃၉ | မောင်ဘုန်းသန့်လင်း | အထက(၁) | ကျိုက်လတ် | ဖျာပုံ |
| ၁၄၀ | မသော်ထူးစံ | အထက(၁) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ခန့်တေဇမောင် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၄၂ | မရွှေပြည့်ပြည့် | အထက(၁) လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၄၃ | မောင်ဥက္ကာမင်းသန့် | အထက(၈)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မဖြူစင်ပြည့်ဖြိုး | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၅ | မောင်စွမ်းရည်နန္ဒ | ခေတ်ရှေ့ဆောင်(ကပက) | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၄၆ | မအိန္ဒြေဆုပြည့် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၂ | မဒါလီလင်းလက် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၃ | မောင်လင်းလင်းဘုန်းလူ | အထက - ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၃၄ | မခွန်းချိုသာဇော် | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်သုတပိုင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မမြေယမင်းလွင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၇ | မောင်ဝေယံကျော် | ပညာခေတ်(ကပက) မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မသော်တာစန်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၃၉ | မောင်ကောင်းဇေသန့် | အထက(၁)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၄၀ | မရှင်းထက်လွင် | အထက(၃) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ထူးမြတ်အောင် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မဆုစန္ဒီတိုး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၃ | မောင်စွမ်းထက်နိုင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မရွှေရေးချယ် | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ပျဉ်းမနား |
| ၁၄၅ | မောင်စည်သူအောင် | အထက-ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၄၆ | မမျိုးသီရိမောင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၅ | မောင်အောင်သိန်းမင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၆ | မဆောင်းသဇင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၇ | မောင်ရဲထွဋ်အောင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၈ | မမေစုခိုင် | စိန်ဂွန်း(ကပက) | ပုသိမ် | ပုသိမ် |
| ၁၂၉ | မောင်မြင့်မြတ်အောင် | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၃၀ | မကောင်းဆုဟံသာ | အထက(၂) | ကျောင်းကုန်း | ကျုံပျော် |
| ၁၃၁ | စကမ္မာပိုင်ဆိုင် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၃၂ | မဖူးဟေသာဖြိုး | ကြယ်တံခွန်(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၃၃ | မောင်ဇေလျှမ်းထက် | အထက - မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၁၃၄ | မအိမ့်ချစ်သဲ | အထက (၁) ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်အောင်သူရ | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မထက်မြက်ရွှေရည် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၃၇ | စောမောဖိုး | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မသဒ္ဒါခွန်းချို | အထက(၁)ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၃၉ | မောင်ဖွဲ့ထက်စံ | အထက(၁) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၀ | မသွန်းဆုအိမ်စံ | အထက(၃) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ရှိုင်းလင်းထက် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မဂျူူမွန်လင်း | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၃ | မောင်စွမ်းသူအောင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မချိုသံလွင်ကို | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၅ | မောင်အောင်ကောင်းမြတ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၄၆ | မသီရိရွှေစင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၈ | မောင်အောင်ကောင်းခန့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၂၉ | မကေခိုင်နှင်း | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၃၀ | မောင်ထက်အောင်စံ | အထက(၄)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၁ | မဝင်းစုဟန် | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၂ | မောင်စစ်သွေးညီ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၃ | မမြတ်ထူးထူးနိုင် | အထက - ချင်းမြောင် | ကြံခင်း | မြန်အောင် |
| ၁၃၄ | မောင်သန့်ထွဋ်ဝင်း | မဟာ (ကပက) | မြောင်းမြ | မြောင်းမြ |
| ၁၃၅ | မထက်အိန္ဒြာကျော် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၃၆ | မောင်ဉာဏ်မင်းထက် | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၇ | မနှင်းသန့်ရတီ | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မောင်ဘုန်းမင်းပြည့် | အထက(၃) | ဖျာပုံ | ဖျာပုံ |
| ၁၃၉ | မနွေးနွေးလှိုင် | အထက(၃) | ဖျာပုံ | ဖျာပုံ |
| ၁၄၀ | မောင်ဇေယျာထက် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၄၁ | မနန္ဒာမိုးဦး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မောင်လင်းထက် | အထက(၁၁)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၃ | မပြည့်ဝန်းလဲ့ကြည် | အထက(၁)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၄၄ | မောင်လမင်းထွန်း | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၄၅ | မနှင်းချယ်ရီလှိုင် | အထက(၁)ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ




ပဲခူး မတ် ၈

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို မတ်လ ၈ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ရှိ သီရိဟံသာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးဦးမျိုးအောင်က မြန်မာအမျိုးသမီးများအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့်အနေဖြင့် မတ်လ ၈ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများပြုလုပ်ကြသလို မြန်မာနိုင်ငံတွင်လည်း မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန် ယခုကဲ့သို့အခမ်းအနားကိုနှစ်စဉ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်စို့”ဆိုသည့်အတိုင်း အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှသည့်အခွင့်အရေးများ ရရှိခံစားနိုင်ရန် အမျိုးသမီးများ၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးမှသာလျှင် ရရှိနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းအမျိုးသမီးများက “ယောသူတို့ရွာ”သီချင်းဖြင့်လည်းကောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုရာရိပ်မြုံမှ သမီးငယ်များက “မမပုသိမ်သူ” သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားပြီး သီဆိုဖျော်ဖြေပေးခဲ့သူများကို ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးက ဂုဏ်ပြုငွေများ ပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၁၇၂၇ ဧကစိုက်ပျိုးပြီးစီး

ကျွန်းလှ မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၁၇၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍စိုက်ပျိုးရာ ယနေ့အထိ ၁၁၇၂၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မတ်ပဲသီးနှံဧက ၁၁၇၂၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၁၁၇၂၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကထက် တိုးစိုက်နိုင်ခဲ့တယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်”ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို လျာထားဧကပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့်အထွက်နှုန်းပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## အစဉ်မမေ့ တပ်မတော်နေ့

❖ မြေပြင်အန္တရာယ် ရှိခါဝယ်
တပ်မတော်(ကြည်း)ကာကွယ်။
ရေပြင်နယ်ပယ် စိုးမိုးထား
တပ်မတော်(ရေ)တပ်များ။

❖ ဝေဟင်တစ်လွှား ကျူးကျော်လျှင်
တပ်မတော်(လေ)ပြင်ဆင်။
သစ္စာလေးအင် မိဋ္ဌာန်ပြု
ကြည်း၊ ရေ၊ လေ တပ်ပေါင်းစု။

❖ သမိုင်းဂုဏ်ပြု ရက်မြတ်မွန်
မတ်လ နှစ်ဆယ့်ခွန်။
ရဲရင့်တံခွန် ညီညာလှ
ဂုဏ်ပြုချီတက်ကြ။

❖ ညီညာတက်ကြွ စစ်ချီသံ
မိုးယံထက်သို့ညံ။
ပြည်ကျိုးအမှန် ထမ်းသယ်ပိုး
သာယာလွန်ဖွံ့ဖြိုး။

❖ နိုင်ငံလူမျိုး ကောင်းစေမယ်
ပြည်ချစ်သားတို့ စောင့်ရှောက်တယ်။
နှစ်ရှစ်ဆယ်ပြည့် တပ်မတော်နေ့
သာယာအေးချမ်းမြေ့။

❖ သမိုင်းမမေ့ သိကြစေ
စောင့်ရှောက်ကာကွယ်နေ။
ကြည်း ရေ လေ နဲ့တပ်ပေါင်းစု
စဉ်လာမပြတ် တို့ရှေးရှု။
တပ်မတော်နေ့ကို အလေးပြု။ ။

**ဗာပွန်စစ်သည်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်မှုကြီးကြပ်ရေးကောင်တာများ နေရာချထားမှုနှင့် iBMC ဆာဗာခန်းအခြေအနေ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်၍ ပြည်ပထွက်ခွာမည့်ခရီးသည်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများစိစစ်ဆောင်ရွက်ပေးသည့် လေဆိပ် Terminal 1 မြေညီထပ် CIP Loungeရှိလူဝင်မှုကြီးကြပ်ရေး ကောင်တာများအား လေဆိပ်ပထမထပ် (Level-2) သို့ ပြောင်းရွှေ့နေရာချထားနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လေဆိပ်တာဝန်ခံက လိုက်လံရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ခရီးသည်များကို လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ စိစစ်ဆောင်ရွက်ရာတွင် လိုအပ်သည် ထက်ကြန့်ကြာမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် အခက်အခဲရှိပါက လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာစစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်း အခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ Control Room အဖြစ် ပြုလုပ်ဆောင်ရွက်မည့်နေရာ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ iBMC စနစ်၏ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ ချိတ်ဆက်အသုံးပြုသည့် နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ခရီးသွားပြည်သူများအပေါ် ထိရောက်လျင်မြန်စွာ၊ ကြည်သာရွှင်ပြစွာ ဝန်ဆောင်မှုပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်



နေပြည်တော် မတ် ၈

ပုဂံယဉ်ကျေးမှုဒေသရှိဘုရားစေတီပုထိုးများသို့ လာရောက်လေ့လာလည်ပတ်ကြသည့် ပြည်တွင်း/ပြည်ပခရီးသွားများအား မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်း/ပြည်ပခရီးသွားများသည် မြန်မာ့သနပ်ခါးကို နှစ်သက်စွာ လိမ်းခြယ်လေ့ရှိကြကြောင်း ဒေသခံများထံမှသိရသည်။

“ခရီးသွားတွေက ပုဂံရောက်ရင် ညောင်ရွက်ပုံ၊ သစ်ရွက်ပုံ၊ အသည်းပုံ ပုံစံအမျိုးမျိုးနဲ့ သနပ်ခါးပါးကွက်လေးတွေလိမ်းကြတယ်။ အမျိုးသမီးတွေက ဆံပင်ကိုကျစ်ဆံမြီးအလှကျစ်ပေးတာကိုပါ လုပ်ကြတယ်။ ပြည်တွင်း/ပြည်ပ ခရီးသွားအားလုံး သဘောကျကြတယ်။ ပုဂံရောက်ရင် လက်ပန်းချီဆွဲကြတယ်။ သနပ်ခါးလိမ်းကြတယ်။ မြန်မာ့ယဉ်ကျေးမှုပေါ်လွင်သလို ဒီလိုဝန်ဆောင်မှုပေးတဲ့အတွက် ဝင်ငွေလည်းရပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

မြန်မာ့သနပ်ခါးကို ရှေးဘုရင်များလက်ထက်ကတည်းက မြတ်မြတ်နိုးနိုး သုံးစွဲခဲ့ကြောင်းကို ပုဂံရှိ စူဠာမဏိစေတီနှင့် အပယ်ရတနာဘုရားတို့ရှိ နံရံဆေးပန်းချီများ၌ တွေ့ရှိနိုင်သည့်အတွက် ပြည်တွင်း/ပြည်ပခရီးသွားများအား မြန်မာ့ရိုးရာ သနပ်ခါးလိမ်းခြယ်ပေးပြီး ဝန်ဆောင်မှုပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းရာရောက်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြကြောင်း ဒေသခံများက ပြောကြားသည်။

“မြန်မာနိုင်ငံသားတွေက သနပ်ခါးကို ကိုယ့်အိမ်မှာလည်း အသုံးပြုကြပါတယ်။ ဒါပေမဲ့ ပုဂံကိုအလည်လာတဲ့အခါ လိမ်းဖြစ်တဲ့ သနပ်ခါးရနံ့နဲ့ ခံစားမှုက ပုဂံဒေသရဲ့စွမ်းအင်တစ်ခုပါ။ ပြည်ပခရီးသွားတွေအတွက်ကတော့ မြန်မာ့သနပ်ခါးဟာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ခုကို ခံစားရစေပါတယ်။ ပုဂံရောက်ရင်သနပ်ခါးပါးကွက်ကြားလိမ်းပြီး စိတ်ကျေနပ်ပျော်ရွှင်တဲ့ ခရီးသွားတွေကို တွေ့မြင်ရတာဟာ မြန်မာ့ရိုးရာ သနပ်ခါးယဉ်ကျေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ”ဟု ပုဂံဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြောသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ **သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

# ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဝန်ကြီးဌာနလက်အောက်ရှိဌာနများက မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မတ်လ ၆ ရက် မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ မန္တလေးသို့ အမှတ်(၂၇) အဆန် လေအိတ်ရထားဖြင့် ထွက်ခွာ၍ ရထားလမ်းပိုင်း ကြံ့ခိုင်မှုကိုစစ်ဆေးပြီး ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မတ်လ ၇ ရက် နံနက်ပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ (စက်ရုံ)က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လူစီးတွဲနှင့် ကုန်တွဲများအား လမ်းပိုင်းများတွင် အသုံးပြုရန်လိုအပ်ချက်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်မူတည်၍ပြင်ဆင်ရေး၊ ကုန်သေတ္တာတင်ဆောင်နိုင်သောတွဲ (Flat Wagon)များအပါအဝင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှု ပမာဏကို အမြဲမပြတ်လေ့လာသုံးသပ်၍ဖြည့်တင်းရေး၊ စက်ရုံအတွက် ဝန်ထမ်းများဖြည့်တင်းရေးနှင့် အရည်အသွေးမြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရေး မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများနှင့်ကုန်တွဲများပြုပြင်မှု၊ တွဲအရန်ပစ္စည်းများထုတ်လုပ်မှု၊ ရိုးရိုးတန်းလူစီးတွဲများအား စာတိုက်တွဲများအဖြစ် ပြောင်းလဲမွမ်းမံတည်ဆောက်မှု၊ ကုန်သေတ္တာတင်တွဲတည်ဆောက်ရေးအတွက် လေ့လာဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်အဆင့်မြှင့်တင်ရေးကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ဘူတာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စေရန် စနစ်တကျ ပြုပြင်ထိန်းသိမ်းမွမ်းမံရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်သည်များကို အစီအမံရေးဆွဲတင်ပြရန် မှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မတ်လ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ ရာဂိမုန်တိုင်းကြောင့်ပျက်စီးသွားသောစမုံမြစ်ကူးတံတားသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စမုံမြစ်ကူးတံတားလုပ်ငန်းခွင်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် တံတားကြံ့ခိုင်ရေးအတွက် ကမ်းထိန်းနံရံတည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်ဘူတာသို့ RBE ရထားဖြင့် ဆက်လက်ထွက်ခွာပြီး ဘူတာယာဒ်ဝင်းအတွင်း လူစီးတွဲ/ ကုန်တွဲများ၊ စက်ခေါင်းများထားရှိမှု၊ ဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြေအောက်ရေဖြင့်စိုက်ပျိုးထားသည့် ရွှေဖရုံသီးများ စတင်ခူးဆွတ်ရောင်းချ

ကလိန်အောင် မတ် ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော ရွှေဖရုံသီးများ စတင်ခူးဆွတ်ရောင်းချနေရကြောင်း စိုက်ပျိုးတောင်သူများ၏ ပြောပြချက်အရ သိရသည်။

"ရွှေဖရုံပင်တွေကို မြေနုကျွန်းပေါ်ဖြစ်တဲ့ ကိုင်း၊ ခြံတွေမှာ မြေအောက်ရေသွင်းပြီး ပြီးခဲ့တဲ့နိုဝင်ဘာလမှာ မျိုးစေ့ဝယ်ယူစိုက်ပျိုးကြရပါတယ်။ အပင်တွေ အသီးအထွက်နှုန်းကောင်းမွန်စေဖို့ သဘာဝမြေသြဇာကျွေးတာ၊ ပိုးသတ်ဆေးဖျန်းတာ စတဲ့စိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်ပြီး ရက် ၁၀၀ ကျော်မှသာ ဈေးကွက်အတွင်း ခူးဆွတ်ရောင်းချရတာပါ"ဟု ကလိန်အောင်မြို့ရှိ တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ရွှေဖရုံသီး စတင်ခူးဆွတ်ချိန်တွင် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရရှိပြီး ထွက်ရှိသည့်အသီးများကို ထားဝယ်မြို့နှင့် ကံပေါက်ဒေသတို့ရှိ အဝယ်ဒိုင်များက ကိုင်း၊ ခြံများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ကလိန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် နှစ်ရှည်ပင်များ စိုက်ပျိုးလုပ်ကိုင်ကြသကဲ့သို့ ရာသီအလိုက် ထွက်ရှိသည့် ဖူးစားပြောင်း၊ နှမ်း၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ် စသည့် သစ်သီးဝလံသီးနှံမျိုးစုံကိုလည်း မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၂)

## Pre-University Foundation Programs မိတ်ဆက်ပွဲနှင့် နိုင်ငံတကာပညာရေးပြပွဲကျင်းပမည်

ရန်ကုန် မတ် ၈

Information Hub of Myanmar နှင့် IHM International College မှ ဦးစီးကျင်းပသည့် Pre-University Foundation Programs မိတ်ဆက်ပွဲနှင့် နိုင်ငံတကာပညာရေးပြပွဲကို မတ်လ ၉ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးအခွင့်အလမ်းများ မျှဝေပေးရန်၊ နိုင်ငံတကာမှ တက္ကသိုလ်များနှင့်ချိတ်ဆက်ကူညီပေးရန်၊ မြန်မာနိုင်ငံ၏ပညာရေး ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ယင်းပညာရေးပြပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာပညာရေးပြပွဲတွင် EU Business School၊ Assumption University၊ PSB Academy၊ Nanyang Institute of Management၊ Swiss Education Group၊ Gisma University of Applied Sciences စသည့် ကျောင်းများမှ တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။

Information Hub of Myanmar သည် နိုင်ငံပေါင်း ၂၀ ကျော်ရှိ ကျောင်းပေါင်း ၈၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး ဝန်ဆောင်မှုများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်အတွက် ပြင်ဆင်ပေးခြင်း၊ ဆေးတက္ကသိုလ်ဝင်ခွင့်ပြင်ဆင်ပေးခြင်း၊ ပညာရေးနှင့်ပတ်သက်၍ အခမဲ့တိုင်ပင်ဆွေးနွေးစီစဉ်ပေးခြင်း၊ Personal Statement Essay အတွက် လမ်းညွှန်ပေးခြင်းများ၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ အစီအစဉ်များ၊ နွေရာသီလေ့လာရေးခရီး အစီအစဉ်များ၊ နိုင်ငံရပ်ခြားပညာရေးခရီးစဉ်များ၊ တက္ကသိုလ်လျှောက်ထားခြင်းသို့မဟုတ် ပညာသင်ထောက်ပံ့ကြေးလျှောက်ထားခြင်း၊ Student Visa၊ Spouse Open Work Permit၊ Dependent Visa၊ Guardian Visa၊ Investment Visa၊ Permanent Residence and other types of immigration related procedures စသည်တို့ကို ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာပညာရေးပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၉၅၉၀၆၀၈၇၃ နှင့် ၀၉-၈၈၀၂၃၂၄၈၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ပြပွဲတက်ရောက်ရန် စာရင်းပေးသွင်းလိုပါက https://forms.gle/2wNoNTn-Nz35vVtVb6 မှတစ်ဆင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

## နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်

နေပြည်တော် မတ် ၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။ (မိုး/ဇလ)

**လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

နေပြည်တော် မတ် ၈

၈-၃-၂၀၂၅ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ ၁၂ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့်ပြောကြားချက်များ"မှ အဆက် ကော်လံ ၄ နှင့် ၅ တွင် ပါဝင်သည့် **"Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ Software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ် ဆိုတာကိုလည်း သတိပြုစေလိုပါတယ်"**ဟူသည့်စာသားအစား **"Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လုပ်ခံရတဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပိုမို ပြင်းထန်လာစေမယ်ဆိုတာလည်း သတိပြုမိဖို့လိုပါတယ်"**ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၇˚C |
| ရန်ကုန် | ၂၂˚C | / | ၃၅˚C |
| မန္တလေး | ၂၃˚C | / | ၃၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# သစ်သီးအခြေခံ စားသောက်ကုန်နှင့်ဝိုင်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကော်ဖီထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်





နေပြည်တော် မတ် ၈

သစ်သီးအခြေခံ စားသောက်ကုန်နှင့်ဝိုင်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကော်ဖီထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နေပြည်တော်ရှိ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်၍ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ MSME Agency မှ တာဝန်ရှိသူများ၊ စားသောက်ကုန်ထုတ်လုပ်သည့် တတ်သိပညာရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသထွက် သစ်သီးများမှထုတ်လုပ်သော ဝိုင်အမျိုးမျိုးကိုလည်း မိရိုးဖလာစနစ်မှ ခေတ်မီနည်းပညာများကို အသုံးပြု၍ အဆင့်မြှင့် ပြောင်းလဲထုတ်လုပ်မည်ဆိုပါက နိုင်ငံတကာ ဈေးကွက်အသစ်များရရှိနိုင်ပြီး ဒေသထွက် ဝိုင်လုပ်ငန်းအား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊

နို့ကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုစနစ်အမျိုးမျိုးဖြင့် ဆန်းသစ်လှပစွာ ထုတ်လုပ်နိုင်ရန်အကြံဉာဏ်များ၊ နည်းပညာများနှင့် ဝိုင်းဝန်းပံ့ပိုးပူးပေါင်းဆောင်ရွက်လျှင် ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြိုက်နှစ်သက်သော မြန်မာ့ကော်ဖီအား အနံ့၊ အရသာ၊ အရောင်အသွေး၊ ထုပ်ပိုးမှုဒီဇိုင်းတို့ ကောင်းမွန်ပြည့်စုံစွာ အရည်အသွေးမြင့် ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့မည်ဆိုပါက မြန်မာ့ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာရပ်တည်နိုင်လျက် ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အေးသာယာ ဝိုင်ထုတ်လုပ်သည့်လုပ်ငန်းရှင်၊ မြန်မာနိုင်ငံ စားသောက်ကုန် တင်ပို့ရောင်းချသူများ အသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးစွမ်းဆောင်ရှင်များကွန်ရက်၊ ကော်ဖီလုပ်ငန်းရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် မရှင်းလင်းသည့် အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ဖြေကြားကာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တတိယအကြိမ် ဒသမပုံမှန် အစည်းအဝေး (၁/၂၀၂၅)ကို နံနက်၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက ကျင်းပခဲ့ပြီးသော ပုံမှန်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးလေးခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ တွဲဖက်အတွင်းရေးမှူး-၂ က ကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအခြေအနေများ၊ ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မှော်ဘီမြို့နယ် မြောင်းတကာတိုက်နယ်ဆေးရုံ၊ မြောင်းတကာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း စစ်ဆေး



ရန်ကုန် မတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် မြောင်းတကာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဆေးမှတ်တမ်းဌာန၊ ဆေးရုံဝင်းအတွင်းနှင့် ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်မှု၊ ခွဲစိတ်ခန်းပြင်ဆင်ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ဆေးရုံလုပ်ငန်းများ တိုးတက်စေရေးမှာကြားကာ လူနာများကို အားပေးစကားပြောကြား၍ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မြောင်းတကာကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ မိခင်၊ ကလေးကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လာရောက်ကြသူများကို တွေ့ဆုံအားပေးကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးထားသည့် ဆေးဝါးများ အသုံးပြုမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေများကိုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကာ ဆေးရုံရှိရှေးဟောင်းအဆောက်အအုံဖြစ်သည့် ဆာဘိုးသာဆောင် ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးသည် ဗဟိုအဆင့်ဆေးရုံကြီးလည်းဖြစ်ပြီး သင်ကြားရေးဆေးရုံကြီးဖြစ်သည့်အလျောက် အဆင့်မြင့်ကုသမှုများကို ဆောင်ရွက်ပေးနိုင်သည့် ဆေးရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဆေးပေးခန်း (Hospital Dispensary)၊ အရေးပေါ်လူနာဌာန၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ ဓာတ်မှန်ဌာန၊ ဖျားနာလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အင်းစိန်ပြည်သူ့ဆေးရုံကြီး၏ဆာဘိုးသာဆောင်ကို ၁၉၂၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်က Sir Po Tha and Lady Thar တို့မှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်အကုန်အကျခံကာ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကြီးစားမွမ်းမံပြင်ဆင်ထားသည့် ရှေးဟောင်းလက်ရာစာရင်းဝင် အဆောက်အအုံတစ်ခုဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးမှသည် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆီသို့

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (Conservation Agriculture– CA)သည် မြန်မာနိုင်ငံတွင် မြေဆီလွှာပျက်စီးမှု၊ ရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သော အဓိကမဟာဗျူဟာတစ်ရပ်အဖြစ် ပေါ်ထွက်လျက်ရှိပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ရှင်သန်ရေးအတွက် အရေးကြီးသောအချက်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်ရင်း ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များအပေါ် အားထားကာ ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်သော နည်းလမ်းတစ်ခုအဖြစ် ရပ်တည်နေပါတယ်။

**မြန်မာ့စိုက်ပျိုးရေးကဏ္ဍ**

စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် လယ်ယာလုပ်ငန်းဖြင့် လုပ်ကိုင်အသက်မွေးနေကြပါတယ်။ သို့သော်လည်း အလွန်အကျွံ ထယ်ထိုးထွန်ယက်ခြင်း၊ သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်းစသော မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးခြင်းများ၊ အထွက်နှုန်းကျဆင်းခြင်းများအပါအဝင် သစ်တောပြုန်းတီးခြင်းများ၊ ရာသီဥတုပြောင်းလဲမှုဒဏ်များစသော စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ သို့ဖြစ်ပါ၍ မိရိုးဖလာလယ်ယာစိုက်ပျိုးရေးအလေ့အကျင့်များနှင့် ဆက်စပ်နေပြီး သဘာဝအရင်းအမြစ်များကိုလည်း ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်ဆီသို့ ဦးတည်နေသောသဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးကိုပိုမိုလုပ်ဆောင်ကြရန် လိုအပ်လာပြီပဲဖြစ်ပါတယ်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးတွင် အဓိကလုပ်ဆောင်ရမည့်လုပ်ငန်းစဉ် (၃)ရပ်ရှိပါတယ်။

**၁။ မြေဆီလွှာထွန်ယက်မှုကို အနည်းဆုံးဆောင်ရွက်ခြင်း (သို့) ထယ်ရေးမဲ့စိုက်ပျိုးခြင်း**

ထယ်ထိုးထွန်မွှေတာဟာ စိုက်ပျိုးရေးလုပ်ငန်းရဲ့ ပထမဆုံးလုပ်ငန်းအဖြစ်ယူဆခဲ့ကြသလို ထယ်ရေးနက်နက်ထွန်ရေးညက်ညက်ဖြစ်မှသာ မျိုးစေ့များကောင်းစွာ အပင်ပေါက်နိုင်သည်ဟု မှတ်ယူခဲ့ကြပါတယ်။ သို့သော် နှစ်လများစွာ ထွန်ယက်စိုက်ပျိုးခဲ့သောမြေများသည် မြေဆီလွှာအာဟာရဓာတ်များ တဖြည်းဖြည်းဆုံးရှုံး၍ မြေသားတည်ဆောက်မှုပျက်စီးသွားပြီး မြေတိုက်စားမှုဒဏ်ကို အလွယ်တကူခံစားရကာ တောင်သူဦးကြီးများ၏ သီးနှံအထွက်နှုန်းများ ထိခိုက်လျက်ရှိပါတယ်။ ထို့ကြောင့်ပင် သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး(CA)တွင် မြေကြီးကို အနည်းငယ်မျှသာတူးဆွ၍ စိုက်ပျိုးရန် သို့မဟုတ် လုံးဝမထယ်မထွန်ဘဲစိုက်ပျိုးရန် လမ်းညွှန်ထားပါတယ်။

ထယ်ရေးမဲ့စိုက်ပျိုးမှုကြောင့် မြေဆီလွှာအား နေ၊ ရေ၊ လေ တိုက်စားမှုကာကွယ်ပေးပြီး မြေဆီလွှာအစိုဓာတ်နှင့် အပူချိန်ကိုထိန်းညှိပေးခြင်း၊ မြေဆီလွှာထဲရှိ အဏုဇီဝသက်ရှိများ ပိုမိုပေါက်ဖွားရှင်သန်နိုင်ပြီး မြေဆီလွှာအာဟာရဓာတ်ပြည့်ဝ



ကာ ရေရှည်ထိ စိုက်ပျိုးလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။

**၂။ မြေဆီလွှာကို အမြဲတမ်းဖုံးအုပ်ထားခြင်း**

သီးနှံပင်အကြွင်းအကျန်များ (သို့) မြေဖုံးပင်များစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို အမြဲတမ်းဖုံးအုပ်ထားရပါမယ်။ အဓိကသီးနှံပင်မစိုက်ပျိုးမီ မြေကြီးကို နေ၊ ရေ၊ လေ တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်စေရန်နှင့် မြေတွင်းရေသိုလှောင်ထိန်းသိမ်းမှုအားကောင်းကာ မြေဆီလွှာကျန်းမာပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်လာစေရန်ရည်ရွယ်ပါတယ်။ သီးနှံအကြွင်းအကျန်များကို မီးမရှို့ဘဲ ပြန်လည်အသုံးပြုခြင်းကြောင့် လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ပြီး ၎င်းတို့မှမြေဆွေးအဖြစ်ရရှိကာ မြေဆီသြဇာပိုမိုထက်သန်လာစေသောစနစ်ဖြစ်ပါတယ်။

**၃။ သီးနှံစုံအလှည့်ကျစိုက်ပျိုးခြင်း**

သီးလှည့်စိုက်ပျိုးခြင်း၊ သီးနှံစုံကိုရောစပ်၍ စိုက်ပျိုးခြင်းဖြင့် သီးနှံတစ်မျိုးတည်းပေါ်တွင် ကျရောက်လေ့ရှိသော ရောဂါပိုးမွှားများ၏ သံသရာစက်ဝန်းကို ဖြတ်တောက်သကဲ့သို့ဖြစ်ကာ ရောဂါပိုးမွှားကျရောက်မှုကို လျော့နည်းစေပါတယ်။

**အကျိုးကျေးဇူးများ**

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA)သည် မထွန်ယက်ခြင်းကြောင့် မြေကြီးတည်ဆောက်မှုမပျက်စီးခြင်း၊ မြေတွင်းရှိ အော်ဂဲနစ်ပစ္စည်းများနှင့် သက်ရှိအဏုဇီဝများပျက်စီးဆုံးရှုံးမှုမရှိခြင်း၊ လောင်စာသုံးစွဲမှုလျှော့ချနိုင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းပေးနိုင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးနိုင်ခြင်း၊ မြေဖုံးထားခြင်းကြောင့် ပေါင်းပေါက်ရောက်မှု လျော့နည်းခြင်း၊ သစ်ဆွေးဓာတ်ရရှိပြီး မြေအပူချိန် သမမျှတကာ မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများ ပိုမိုကောင်းမွန်လာခြင်းနှင့်အတူ သီးနှံမျိုးကွဲအစုံစိုက်ပျိုးခြင်းဖြင့် ရောဂါပိုးမွှားကျရောက်မှု လျော့နည်းလာပြီး သဘာဝအရင်းအမြစ်များကို ပိုမိုထိရောက်အောင် သုံးစွဲလာနိုင်ကာ ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်ဖြစ်ပါတယ်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA)သည် အနာဂတ်တွင်လိုအပ်လာမည့် စားနပ်ရိက္ခာကို အကောင်းဆုံးဖြည့်ဆည်းပေးမည့်နည်းစနစ်ဖြစ်ပါတယ်။ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် အထူးသင့်လျော်ပြီး အကျိုးအမြတ်ရရှိကာ မိသားစုဝမ်းစာ ဖူလုံရုံသာမက ပိုလျှံလာစေမည့် စိုက်ပျိုးရေးစနစ်ဖြစ်ပါတယ်။ ရေငွေ့ပြန်ခြင်းကို လျှော့ချပေးခြင်းကြောင့် မိုးခေါင်ရေရှားဒေသများတွင် ရေအရင်းအမြစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးပါတယ်။ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့နည်းစေတယ်။ တောင်သူဝင်ငွေတိုးတက်စေပြီး လူမှုဘဝသာယာဝပြောလာစေနိုင်တဲ့ နည်းစနစ်ကောင်းဖြစ်ပါတယ်။

**လက်ရှိဆောင်ရွက်ဆဲ**

ယခုလက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး(CA)နည်းပညာပြန့်ပွားရေးအစီအစဉ်များ၊ စမ်းသပ်စိုက်ကွင်းများ၊ စိုက်ပျိုးရေးသင်တန်းကျောင်းများမှတစ်ဆင့် သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး(CA)ကို အဆင့်မြှင့်တင်ကာ တောင်သူများအား မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်ဆီသို့ပြောင်းလဲရန် လိုအပ်သောကိရိယာများ၊ နည်းပညာဖြန့်ဝေခြင်း သင်တန်းများ ဆောင်ရွက်လျက်ရှိပါတယ်။



**အနာဂတ်အလားအလာ**

မြန်မာနိုင်ငံ၏ မတူကွဲပြားသော စိုက်ပျိုးရေးဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးနည်းစနစ်ဖြစ်စေရန်လိုအပ်သောသုတေသနဆောင်ရွက်မှုများလုပ်ဆောင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပို့ချခြင်း၊ စမ်းသပ်စိုက်ကွင်းများ ပိုမိုတိုးချဲ့စိုက်ပျိုးခြင်း၊ သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး ( CA )ကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံကျင့်သုံးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို တောင်သူများအား လက်ဆင့်ကမ်းမျှဝေပေးကာ လိုအပ်သောအရင်းအမြစ်များဖြစ်သည့် စက်ကိရိယာများ၊ သီးနှံမျိုးစေ့များအား အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့များပူးပေါင်း၍ တောင်သူများအား ကူညီထောက်ပံ့ပေးခြင်းဖြင့် သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး(CA )ကို တွင်ကျယ်စွာလက်ခံကျင့်သုံးသော တောင်သူများတိုးပွားလာကာ မိမိတို့မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ဝန်းကျင်မပျက်စိုက်ပျိုးရေးစနစ်မှာ အနာဂတ်စိုက်ပျိုးရေးစနစ်တွင် အရေးပါသည့်အခန်းကဏ္ဍအနေဖြင့် ပါဝင်လာမည်ဖြစ်ပါတယ်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးသည် မြန်မာ့လယ်ယာကဏ္ဍ၏အနာဂတ်အတွက် မြေဆီသြဇာထက်သန်ပြီး သီးနှံအထွက်နှုန်းတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရန်နှင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်ရှိအောင် မြှင့်တင်ပေးနိုင်ကာ ရေရှည်တည်တံ့သောစိုက်ပျိုးရေးနည်းလမ်းတစ်ခုအဖြစ် ရှေ့ဆောင်နေပါတယ်။ စိုက်ပျိုးပညာပေးရေးနှင့် သဘာဝအရင်းအမြစ်များတွင် မှန်ကန်သော ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်ခြင်းဖြင့် သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA)သည် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး နောင်လာနောက်သားများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝ စသည်ပင်ဝပြောလာမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**မေမျိုးမြင့်မြတ်ထွန်း**
**(စစ်ကိုင်း)**

# နေပြည်တော်အတွင်းသန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ သုခတော်ဝင်အိမ်ရာ အပိုင်း(၁)အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ကျေးစာဥကျေးရွာအနီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အင်းနီကန်ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် ကံလှ-ကန်သာ-ကုန်းပေါ်စု-မဒွေါပင်-ဂုဏ်မင်းမြောင်- ထိန်တော- ခြင်ပစ်- ဥသျှစ်လှိုင်းဆက်သွယ်သည့်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသို့လည်းကောင်း၊ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၄၅)တောင်သူ ဦးကိုရီ၏ နွေစပါးစိုက်ခင်းတွင် တမန်းနှိုးသရုပ်ပြခြင်းနှင့် နေပြည်တော်အတွင်း သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ချောင်းမငယ်ဆည်ရေအား ဆင်အုံကန်မှတစ်ဆင့် တစ်နေ့လျှင် ရေဂါလန်ခြောက်သန်း ရေပေးဝေရေး စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် 11/0.4 KV 1000 KVA Transformer နှစ်လုံး တပ်ဆင်တည်ဆောက်နေမှု အခြေအနေများ၊ ရေပိုက်များသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူမည့် ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ယာယီတည်းခိုသီတင်းသုံးမည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့သွားရောက်၍ ဆွမ်းစားဆောင်များ၊ အိပ်ဆောင်များ၊ ဆေးပေးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက အဖွင့်သီချင်းဖြင့် သီဆိုကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယကတို့က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား Video Clip ကို ပြသပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်တို့မှ ကလေးငယ်များက အကများဖြင့်သီဆိုဖျော်ဖြေကြကာ စာရေးဆရာမသက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က “အမျိုးသမီးများ ဘဝနှင့်တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ လယ်ဝေးခရိုင်၊ နေပြည်တော်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပျဉ်းမနားခရိုင်တို့မှ ကလေးငယ်များက သီဆိုကပြဖျော်ဖြေကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# MSME လုပ်ငန်းရှင်ကိုးဦးထံ နည်းပညာလွှဲပြောင်းပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတက်ရောက်

နေပြည်တော် မတ် ၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) မှ MSME လုပ်ငန်းရှင်ကိုးဦးထံ နည်းပညာလွှဲပြောင်းပေးအပ်ပွဲနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း(၂၀၂၂)ဖြင့် ပူးပေါင်းဆောင်ရွက်သော အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဓာတ်ခွဲခန်းစင်တာဆိုင်ရာ အသိပညာပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အဆိုပါဦးစီးဌာန၌ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာရှင်များ၊ ပြင်ပစက်မှုလက်မှုနှင့် စားသောက်ကုန် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့တွင် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကျင်းပခဲ့သည့် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင်တောင်းခံထားသော နည်းပညာ ၅၀ အနက်ငါးခု အပါအဝင် နည်းပညာ ၁၈ ခုကို MSME လုပ်ငန်းရှင်ကိုးဦးထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွှဲပြောင်းပြီးနည်းပညာအရေအတွက်မှာ ၂၀၂၁ ခုနှစ်အထိ ၂၈ ခုသာရှိရာမှ ယနေ့အထိ ၁၁၉ ခုရှိလာပြီဖြစ်၍ နှစ်အနည်းငယ်အတွင်း နည်းပညာ ၉၁ ခုအထိ တိုးမြှင့်လွှဲပြောင်းပေးနိုင်သည်ကို တွက်ဆကြည့်ပါက နိုင်ငံတော်မှ အားပေးပံ့ပိုးမှုများ၊ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အထင်အရှားဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် MSME လုပ်ငန်းရှင်များထံ နည်းပညာများ လွှဲပြောင်းပေးအပ်ပြီး MSME လုပ်ငန်းရှင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးသည်ခင်းကျင်းပြသထားသော MSME ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာဆိုင်ရာအသိပညာပေးပွဲကိုဆက်လက်ကျင်းပရာ ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာရှင်များက ဟောပြောရှင်းလင်းကြကာ MSME လုပ်ငန်းရှင်များက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၅၀၀)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၈

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်းရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုပုံစံများသည် နည်းပညာများ ထွန်းကားလာသည်နှင့်အမျှ ပုံစံအမျိုးမျိုးဖြစ်ပေါ်နေကြောင်း၊ အဂတိလိုက်စားမှုကျူးလွန်သူအများစုသည်အဂတိလိုက်စားမှုမှရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းပြီး ဘဏ်များတွင်အပ်နှံခြင်း၊ လွှဲပြောင်းပေးပို့ခြင်းများ လုပ်ဆောင်ကြလေ့ရှိကြောင်း။

ဘဏ်လုပ်ငန်းကဏ္ဍတွင် တွေ့ကြုံနိုင်သည့် အဂတိလိုက်စားမှုပုံစံများအနေဖြင့် ချေးငွေလိမ်လည်လှောက်ထားမှုများတွင် တိကျသေချာစွာ စိစစ်မှုမရှိခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Customer များထံမှ အခကြေးငွေရယူ၍ စာရွက်စာတမ်းများကို ကူညီဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွှားနိုင်ရေးအတွက် အကြံဉာဏ်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များက တရားမဝင်ရရှိလာသည့်ငွေကြေးများကို ငွေဖြူအဖြစ်ပြောင်းလဲရန် တရားဝင်ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းများတွင် အပ်နှံခြင်းတို့ကို တွေ့ကြုံနိုင်ကြောင်း။

ထို့အတူ လူပုဂ္ဂိုလ်တစ်ဦးတည်းက ငွေကြေးများကို ခြေရာဖျောက်ရန် ရည်ရွယ်ချက်ဖြင့် ဘဏ်တစ်ခုတွင် ငွေစာရင်းအမှတ်များစွာ ဖွင့်၍လည်းကောင်း၊ အခြားဘဏ်များတွင် ငွေစာရင်းများဖွင့်၍လည်းကောင်း ငွေကြေးဆိုင်ရာ အစီရင်ခံထမ်းများကို မျက်ခြည်ဖြတ်ခြင်း စသည့်ပုံစံများလည်း တည်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ဘဏ်လုပ်ငန်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ စံနှုန်းများဖြင့်မားစွာ ချမှတ်ထားရန်၊ လိုက်နာဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်တွင် အပြန်အလှန်ထိန်းကျောင်းမှုစနစ်နှင့် ချမှတ်ထားသည့် စည်းမျဉ်းများအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

၈-၃-၂၀၂၅

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**(မိုး/ဇလ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆာမားရာမြို့မှ ပြန်လည်ထွက်ခွာရာ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗာစီဗစ်မြို့၊ သာမာရဲ့ဗာလေဆိပ်သို့ ရောက်ရှိရာ နိုဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။

**★ စာမျက်နှာ ၁၇ မှအဆက်**

Progress မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရာဒေသနှင့် တာလီကာတီဒေသတို့အကြား စက်မှုကဏ္ဍ၊ ခတ်မြေသြဇာ ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆာမားရာမြို့မှ မီဒီယာများက ချစ်ကြည်ရေးခရီးစဉ်နှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆာမားရာမြို့၊ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗာစီဗစ်မြို့၊ သာမာရဲ့ဗာလေဆိပ်သို့ ရောက်ရှိကြရာ နိုဗာစီဗစ်ဒေသအစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



**❑ ကျောဖုံးမှအဆက်**

ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် အထူးလေယာဉ်ပေါ်၌ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

အလားတူ ဆာမားရာမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံသို့သွားရောက်လေ့လာစဉ် ၌လည်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာမားရာမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာမားရာမြို့မှတာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများပေးအပ်စဉ်။

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၈

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၈)ကို မတ်လ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၁၈)တွင် KKY အသင်းက Pacific Sun Far အသင်းကို ၉ ဂိုး ၂ ဂိုး၊ Black Cross အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၈ ဂိုး ၃ ဂိုး၊ Gold Dream အသင်းက လက်ဝဲသုန္ဒရအသင်းကို ၅ ဂိုး ၂ ဂိုး၊ TG United အသင်းက Maryar အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး JA Yangon အသင်းနှင့် 7 Brother အသင်းကို နှစ်ဂိုးစီသရေ၊ YCDC Marga Youth အသင်းနှင့် 7 Dragon အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ဒုတိယနေရာမှ Pacific Sun Far အသင်း မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် ထိပ်ဆုံးမှ TG United အသင်းသည် နှစ်မှတ်အကွာမှ ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၁၈)အပြီးတွင် TG United အသင်းက ၄၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၉ မှတ်၊ Gold Dream အသင်းက ၃၅ မှတ်၊ 7 Dragon အသင်းနှင့် JZ Yangon အသင်းတို့က ရမှတ် ၃၀ စီ၊ YCDC Marga Youth အသင်းက ၂၆ မှတ်၊ Black Cross အသင်းက ၂၆ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ၁၅ မှတ်၊ KKY အသင်းက ၁၇ မှတ်၊ 7 Brother အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၄ မှတ်၊ Maryar အသင်းက ၁၃ မှတ်ရရှိထားသည်။ ရဲရင့်လွင်

## တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ

တောင်ကြီး မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှမ်းပြည်နယ်အတွင်းရှိအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအားရှင်းလင်းပြောကြားသည်။ ယင်းနောက်




အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip ပြသပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ (၄၀၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

★ ရှေ့ဖုံးမှအဆက်

အလေးပြုခြင်းကိုခံယူခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ၊ ဆာမားရာမြို့၊ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဆာမားရာမြို့၊ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ထို့နောက် ဆာမားရာမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံသို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ ၊ ဆာမားရာမြို့၊ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဆာမားရာမြို့၊ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

ညွှန်ကြားရေးမှူးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့်အဖွဲ့ဝင်များသည် ဆာမားရာဒေသဆိုင်ရာအစိုးရဒုတိယအကြီးအကဲ၊ ဒေသဆိုင်ရာပညာရေးဝန်ကြီး၊ စက်မှုစီးပွားရေးဇုန်များမှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ Space Rocket ဆိုင်ရာ **စာမျက်နှာ ၁၅ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများအား အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

အကျိုးရှိမည့်ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာ သင်တန်းများတက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဆာမားရာမြို့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် အခြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

၎င်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများအား အသုံးပြု၍ သဘာဝဘေးအန္တရာယ်များစောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးသုတေသနပြုဆောင်ရွက်နိုင်မှုအခြေအနေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံရိုက်ကူးရေးနှင့်ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုလွှတ်တင်မှုဆိုင်ရာကိစ္စရပ်များ၊ ဒုံးပျံတပ်ဆင်ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ၊ အာကာသစခန်းတည်ဆောက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် အာကာသ ပြတိုက်အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများ တပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ State Space Corporation “Roscosmos”



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing leaves Belarus, visits State Space Corporation "Roscosmos" in Samara, Russia



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and Myanmar delegation discuss peaceful use of space technology, satellite launching and training for Myanmar scholars with the director-general of Roscosmos.

NAY PYI TAW March 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who was on an official state visit to Minsk, Belarus at the invitation of President Aleksandr Lukashenko of the country, left Minsk International Airport and was seen off by Minister of Foreign Affairs of Belarus H. E. Mr. Maxim Ryzhenkov, Myanmar Consul General U Moe Kyaw Thu and officials at the airport this morning at local time.

Before leaving the country, the Senior General took the salute of the Guard of Honour at the airport.

The Myanmar goodwill delegation led by the Senior General arrived at Kurumoch International Airport in Samara, Russia, and was welcomed by Head of Samara government Mr. A.V Fedorishchev, the Russian Federation Ambassador to Myanmar and officials.

The Senior General and delegation arrived at JSC Progress factory of State Space Corporation "Roscosmos" and were welcomed by Director-General of the corporation Mr. Dmitry Bakanov and officials.

At the meeting hall, the Senior General and the Roscosmos director - general cordially exchanged views on the peaceful use of space technology by the two countries, launching of satellites by Myanmar in the interest of the nation and people, sending more Myanmar scholars to space technology studies, cementing of cooperation and friendship between Myanmar and Samara city and other areas of cooperation.

The director - general and officials reported on use of satellites for natural disaster monitoring, conducting research on agriculture development, protecting and conserving natural environment, satellite imagery and communication satellites, satellite launching, assembling of rockets and space station erection, and Russian assistance in upgrading and opening of a space museum in Myanmar.

See Page - 19 ●●



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing exchanges commemorative gifts with the director-general of the State Space Corporation "Roscosmos" of the Russian Federation.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing is greeted by local damsels at Kurumoch International Airport in Samara, Russia.

●● From Page - 18

Subsequently, the Senior General, and members of the delegation toured the satellite assembly and rocket production facilities within the JSC Progress factory of the Roscosmos State Corporation. They listened to presentations by responsible officials and engaged in additional discussions on matters of interest.

Following this, the Senior General, and members of the delegation were hosted to a luncheon by the Director-General of the State Space Corporation "Roscosmos" of the Russian Federation.

After the luncheon, the Senior General exchanged commemorative gifts with the Director-General of the State Space Corporation "Roscosmos" of the Russian Federation.

Similarly, the team, led by the Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, who accompanied the Chairman of the State Administration Council Prime Minister as members of the goodwill delegation, held separate meetings with the Deputy Head of the Samara Region Government, the Regional Minister of Education, chairpersons of industrial and economic zones, and officials from the Progress Space Rocket Center. They discussed matters related to cooperation in the industrial sector, fertilizer production, energy sector, pharmaceutical production, education sector, and mutual beneficial cooperation between Myanmar and Russia, particularly between the Samara and Tolyatti regions.

After the discussions, the head for the State Administration Council's information team, Maj-Gen Zaw Min Tun, responded to questions from the media in Samara regarding the goodwill visit.

Later, the goodwill delegation, led by the Chairman of the State Administration Council Prime Minister, departed from Kurumoch International Airport in Samara and arrived at Tolmachevo Airport in Novosibirsk in the evening, local time. They were welcomed at the airport with the Guard of Honour and by the Head of the Novosibirsk Regional Government, the Consul General of Myanmar, and other officials. **100**

■■ From Page - 20

## Congratulatory Message

**8 March 2025**

State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing-led high-level delegation firmly discussed the bilateral relationship and cooperation sector-wise during the Official State Visits to the Russian Federation and the Republic of Belarus at the invitations of Russian Federation President Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko.

The Myanmar Press Council warmly congratulates the historic achievements through the meetings of leaders during the visits and extends wishes to carry out duties for the State development and promotion of the socio-economic status of people.

**Chairman**
**Central Executive Committee and members**
**Myanmar Press Council (MPC)**

## Congratulatory Note

**8 March 2025**

We sincerely express our joy and pride as our State Administration Council Chairman and Prime MinisterSenior General Min Aung Hlaing-led a high-level delegation on a goodwill visit at the invitation of Russian President Mr. Vladimir Vladimirovich Putin and Belarusian President Mr. Alexander Gregoryevich Lukashenko. During this visit, Myanmar and Russia successfully discussed and signed agreements on promoting investment and defence cooperation. We warmly congratulate this achievement and proudly issue this statement.

**Myanmar Artists Association (Central)**

## MMPO's Congratulatory Note

**8 March 2025**

We hereby express with great joy and pride that Prime Minister Senior General Min Aung Hlaing and the high-level delegation completed a friendship visit to the Russian Federation and the Republic of Belarus.

The Myanmar Motion Pictures Organization sincerely wishes for continued success in making efforts for the peace and economic development of Myanmar and expresses deep appreciation and joy for the achievements made.

**Chairman and CEC members**
**Myanmar Motion Pictures Organization**

## Statement of Appreciation

**8 March 2025**

At the invitation of President Mr. Vladimir Vladimirovich Putin of the Russian Federation and President Mr. Alexander Gregoryevich Lukashenko of the Republic of Belarus, the high-level delegation led by State Administration Council Chairman and Prime Minister Senior General Min Aung Hlaing successfully undertook goodwill visits at the state level.

During these visits, significant agreements were reached across various sectors, further strengthening bilateral friendship and cooperation. The historic achievements resulting from discussions between the leaders of both nations are commendable.

The Myanmar Music Association (Central) proudly acknowledges these accomplishments and extends its best wishes for the continued development of the nation and the socioeconomic progress of the people.

**Myanmar Music Association (Central)**

# Shwebo Township finishes cultivation of more than 4,000 acres of vegetables this cold season

SHWEBO March 8

A total of 4,535 acres of vegetables have been planted in Shwebo Township of Sagaing Region this cold season, according to the Shwebo Township Agriculture Department.

Local authorities plan to grow 4,586 acres of vegetables in the township as cold season crops in 2024-2025 winter but farmers planted 4,535 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department, disclosed: "Farmers finished cultivation of 4,535 acres of vegetables. They grow chilli, cabbage, mustard, potato, spicy, eggplant, cauliflower, cucumber, tomato, coriander and other crops. Our department helped local farmers grow the crops in GAP system, urging them to produce healthy crops with least chemical residue with technical assistance."

Officials of the Shwebo Township Agriculture Department conducted training courses for enhancement of capacity of farmers to successfully grow vegetables and produce healthy crops with more plans to expand sown acreage of crops.

Currently, vegetable plantations are thriving in Shwebo Township. Farmers cultivate seasonal vegetables yearly. Hence, they can earn increased incomes for their families. Meanwhile, officials of the Township Agriculture Department urged local farmers to apply correct agricultural techniques, prevent pests and make natural fertilizers and pesticides with the use of domestic raw materials so as to cut agricultural cost. **SK**

**Corrigendum**

Please read "If sanctions are imposed, it is important to be aware that the sanctioned groups and their opposing groups may have more united, leading to increased strength and intensified competition" instead of "By imposing a sanction, if there is such a group, the opposing groups that are called sanctions will face attacks from software that increases the strength of the majority, which will lead to more intense competition. " in the news report appeared on page 22, column five of the 8-3-2025 issued Myawady Daily under the heading "Reciprocal joint declaration of two countries and speeches delivered by President of the Republic of Belarus H.E.Mr. Alexander Gregoryevich Lukashenko and SAC Chairman Prime Minister Senior General Min Aung Hlaing in meeting with media."

**Ed**

# Organizations issue statements praising SAC Chairman Prime Minister Senior General Min Aung Hlaing for his efforts in contributing to State sector-wise development

NAY PYI TAW March 8

A high-level goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation at the invitation of President of the Russian Federation Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President of the Republic of Belarus H.E.Mr. Aleksandr Lukashenko on 3 March 2025 and could hold meetings to achieve positive results for Myanmar.

Young Men's Buddhist Association (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu), Islamic Religious Affairs Council Myanmar, Myanmar War Veterans Organization, Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Press Council, Myanmar Artists Association (Central), Myanmar Motion Pictures Organization, and Myanmar Music Association (Central) issued statements praising Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, for his efforts in contributing to the development and progress of various sectors in Myanmar.

100

### Statement of Young Men's Buddhist Association-YMBA(Central)

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of Republic of Belarus Mr. Alexander Gregoryevich Lukashenko.

YMBA (Central) has announced that it is so delighted and honored to have achieved significant benefits and positive outcomes for Myanmar and its people during the visits.

**Young Men's Buddhist Association (Central)**

### Statement of Myanmar Interfaith Dialogue Group

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko. The Senior General signed MoUs on bilateral cooperation during the visits, and it is hoped that the bilateral trade will develop than before and the country will achieve stability and prosperity. The Myanmar Interfaith Dialogue Group has issued this statement to show honour for such achievements.

**Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

### Statement of Myanmar Evangelical Christian Alliance

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko and received historic achievements for the country and people. The Myanmar Evangelical Christian Alliance proudly issued this statement and extended its wish to further serve the State's duties.

**Myanmar Evangelical Christian Alliance**

### Statement of All Myanmar Tamil Hindu Foundation (HQ)

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko and received historic achievements for the country and people.The All-Myanmar Tamil Hindu Foundation (HQ) proudly issues this statement for such significant achievements.

**All Myanmar Tamil Hindu Foundation (HQ)**

### Statement of Thananta Dhamma Palaka (Hindu)Association

**8 March 2025**

State Administration Council Chairman Prime Minister Senior General Min Aung Hlaing-led high-level delegation made the Official State Visits to Russia and Belarus at the invitation of Russian Federation President Mr. Vladimir Vladimirovich Putin and President of the Republic of Belarus Mr. Alexander Gregoryevich Lukashenko, and received significant achievements for the country and people.The Thananta Dhamma Palaka (Hindu) Association proudly issues this statement for such significant achievements.

**Thananta Dhamma Palaka (Hindu) Association**

### Congratulatory Note

**8 March 2025**

The high-level delegation led by State Administration Council Chairman and Prime Minister Senior General Min Aung Hlaing undertook a goodwill visit at the invitation of senior leaders from the Russian Federation and the Republic of Belarus. During this state-level visit, significant and historic achievements were made for the socioeconomic progress of the nation and its people. We embrace immense pride in these accomplishments.

The All-Myanmar Islamic Religious Organization also extends its best wishes and prayers for continued success in serving the interests of the country and its people.

**All Myanmar Islamic Religious Organization**

### Congratulations

**8 March 2025**

We are deeply pleased and honoured because Senior General Min Aung Hlaing, State Administration Council and Prime Minister, visited Russia and Belarus at the invitation of Russian President Mr. Vladimir Vladimirovich Putin and Belarusian President Mr. Alexander Gregoryevich Lukashenko. During these visits, Myanmar successfully exchanged memoranda of understanding with the governments of Russia and Belarus in areas such as sports, tourism, legal cooperation, agriculture, and food security. We are extremely satisfied with the outcome of these exchanges and proudly express our gratitude.

**Myanmar War Veterans Organization**

### Congratulations

**8 March 2025**

We heartily congratulate the Myanmar high-level delegation, led by State Administration Council Chairman Prime Minister Senior General Min Aung Hlaing, on its historic successes during its goodwill visit to the Russian Federation at the invitation of President Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President Aleksandr Gregoryevich Lukashenko.

We sincerely wish for their continued dedication and efforts for the benefit of the nation and its citizens.

**Patron, President and CEC**
**Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI**

See Page - 19

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing honours Myanmar women delegates on goodwill visit, participant women in Samara discussions to mark International Women's Day

NAY PYI TAW March 8

Chairman of the State Administration Council Prime Minister, who is on an official state visit to Belarus left Minsk International Airport for Samara in the Russian Federation by special flight this morning local time.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers an honorary address to female staff of the JSC Progress Factory of Roscosmos Space Corporation in Samara to mark International Women's Day.



Women delegates on the goodwill visit of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing are presented with bouquets by authorities of Samara on the occasion of International Women's Day.

During the flight, the Senior General delivered an honorary address to women delegates on the goodwill visit to mark International Women's Day.

Similarly, the Senior General delivered an honorary address to women from the JSC Progress factory during the visit to the JSC Progress factory of Roscosmos Space Corporation in Samara to mark International Women's Day.

Moreover, women delegates who accompanied the Senior General on the goodwill visit were presented with honorary bouquets by authorities in Samara to mark International Women's Day.

**100**

## Mawlaik Township cultivates over 2,000 acres of winter vegetables

MAWLAIK March 8

A total of 2,629 acres of vegetables have been planted during this year's winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October 2024, 2,629 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture has provided technical training to vegetable growers in Mawlaik Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the vegetable growers to expand the cultivation of vegetables.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပန်းတိုင်သို့ ချီရာဝယ်

ပြည်စိုးညီမင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**ရုရှားနှင့် မြန်မာ**
**မြန်မာနှင့် ရုရှား။**
**အချစ်မပျက်ပါဘု**
**ခေတ်အဆက်ဆက် မနေးကူလို့**
**အတွေးတူ အယူမကွဲပါပဲ**
**အရေးတယူ အတူတွဲတယ်**
**ခိုင်မြဲတဲ့အား။**

၂၀၂၅ ခုနှစ် မတ်လ ၃ ရက်၊ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၅ ရက်။ အမိမြန်မာနိုင်ငံ၏ သာယာစင်ကြယ် ငြိမ်းချမ်းလှပသော နေ့ရက်တစ်ရက်။

“ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံဂိမှေ – နွေလများတွင် နွေဦးအစဖြစ်သော၊ ကောင်းစွာပွင့်သော၊ ခက်ဖျားစုံရှိသောတောအုပ်သည် အသရေရှိဘိသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်မြတ်ပိဋကတ်ကို နိဗ္ဗာနဓာတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ” ဟူ၍ ရတနသုတ်၌ နွေရာသီ၏ အဦးအစ အလှနှင့်အဓိပ္ပာယ်ကို နိဗ္ဗာနဓာတ်တရားမြတ်နှင့် ရှုပကပြုထားပါသည်။

ထိုနေ့သည်ကား ရုရှား-မြန်မာဆက်ဆံရေးသမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်နိုင်သောနေ့တစ်နေ့ပင်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး အစပြုရာနေ့ရက်ပင်ဖြစ်ပါ၏။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့မှာ နွေးထွေးမြဲ နွေးထွေးဆဲ၊ နီးကပ်မြဲနီးကပ်နေဆဲပင်။ (၇၇)နှစ်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့သည့် သမိုင်းကြောင်းတစ်လျှောက် ယခင်ကာလများကလည်း ယခုလိုမှတ်တိုင်များရှိခဲ့ဖူးသည်။ အတိတ်တွင်လှပသော သမိုင်းပုံရိပ်များရှိခဲ့သလို မျက်မှောက်ကာလတွင်လည်း ယခုလိုမှတ်တိုင်အသစ်များ ထပ်မံစိုက်ထူနိုင်မှုမှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ထောက်မကူညီခဲ့မှုများအတွက် ပကတိအရှိတရားများဟု ဆိုရပါမည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှု၍ မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သော လုံ့လ ဥဿာဟတို့ဖြင့် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာသည်။ ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းမှာပင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ မော်စကို၏ ရာသီဥတုမှာ ဆောင်းနှောင်းကာလဟု ဆိုရပါမည်။ အအေးဓာတ်မှာ သိသိသာသာ လွန်ကဲပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတရုံမျှရှိ၏။ သို့သော်ငြား အပူချိန်မှာ မိမိတို့နိုင်ငံရာသီဥတုနှင့် အတန်ငယ်ခြားနားသဖြင့် အနွေးထည်ထူထူကြီးများ ဝတ်ထားကြသည်ကို တွေ့ရသည်။ နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ နာရီပေါင်းများစွာ ခရီးနှင်ခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြမည်ဟူသော အားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်။

အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့က နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း အနီရောင်လျှောက်လမ်း၏ လက်ယာဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်ရှိသည်။

ယင်းမှာ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုနေခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဆောင်ရွက်နေစဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်လျက် ဂုဏ်ပြုအလေးပြုသည်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက အကြီးအကဲအား ရုရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။ အကြီးအကဲကလည်း မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးခြင်းဖြင့် နှစ်နိုင်ငံတာဝန်ရှိသူများအကြား အပြန်အလှန်နွေးထွေးမှုတို့ စတင်သန္ဓေတည်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

ထိုနေ့ညနေပိုင်းမှာပင် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်ကို ဖူးမြော်ကြည်ညိုကြသည်။

အကြီးအကဲသည် သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော်ကြည်ညိုပြီးသည်နှင့် ဘာသာ၊ သာသနာအပေါ် အလေးအမြတ်ပြု ဦးထိပ်ထားသူပီပီ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့်သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းလျှောက်ထားလေသည်။ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်ပေးသည်။

မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာမှာ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏဝါစကပတိ သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာသာသနာပြုတက္ကသိုလ်၊ ပါမောက္ခ မဟာဌာနမှူး ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးအားအမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားမိသားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ကာ ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချအခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့အတူပင် မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍

စာမျက်နှာ ၂၃ သို့ ➤

➤ စာမျက်နှာ ၂၂ မှအဆက်

> ❖ ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသော သဘောတူညီချက်များကို နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သော လုပ်ငန်းဆောင်တာများ ပါဝင်နေသည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ မြန်မာသံရုံးနှင့်မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရပ်ဟန်းရှင်လူပြည်သူများ၊ ရုရှားနိုင်ငံရောက်ပညာတော်သင် သင်တန်းသားအရာရှိများ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲနှင့်အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရုရှားနိုင်ငံရှိဗုဒ္ဓဘာသာဝင်များသာမက အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များအတွက်ပါသာသနာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားရသည့် နေရာတစ်ခုဖြစ်ကြောင်း ဝမ်းမြောက်ကြည်နူးဖွယ် သိရှိရသည်။

ခရီးစဉ်ပထမနေ့ရက်မှာပင် မိမိတို့အထွတ်အမြတ်ထားရာ ဘာသာတရား၏အရိပ်အာဝါသကို ခိုလှုံလိုက်ရသဖြင့်ကိုယ်စားလှယ်တော်ကြီးများမှာ ရေခြားမြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ်ဓာတ်ခွန်အားများတိုးပွားလျက်ရှိသည်။ အချိန်မှာ ညဘက်သို့ ချဉ်းကပ်လာပြီဖြစ်ရာ အအေးဓာတ်ကအနည်းငယ်ပိုလွှမ်းလာသလိုခံစားရသည်။ အခန်းတွင် အပူချိန်ကမူ အနွေးပေးစက်များအစွမ်းဖြင့် သင့်တင့်ရုံမျှရှိနေသည်။

ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများပါသည်ကိုတွေ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကိုတွေ့ရသည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသောသဘောတူညီချက်များကို နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သော လုပ်ငန်းဆောင်တာများ ပါဝင်နေသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်ရုံနှင့်ပင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သည့် မည်သူ့ကိုမဆိုအားမာန်များ နိုးကြားတက်ကြွလာသည်အထိ ခံစားရစေမည်ဖြစ်သည်။

ခရီးစဉ်ဒုတိယနေ့တွင် ဆောင်ရွက်ဖွယ်ရာတို့မှာ နံနက်မှညတိုင်သည်အထိများပြားလှစွာ အသင့်စောင့်ကြိုနေကြသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာတိုင်းကျိုးပြည်ကျိုးရွက်သယ်ပိုးသည့်နေရာတွင် “စက္ကန့်လေးတွေ စိန်စီထားသည်”ဟု ဆိုရမတတ်ပင်အချိန်ကိုတလေးတစားတန်ဖိုးထားကြပုံရသည်။ အိပ်စက်အနားယူချိန်ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ မိမိတို့အခန်းကဏ္ဍအလိုက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြလျက်ရှိသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန်နှင့်အမျှပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီကာလအထိပြင်ဆင်မှုကို မလျှော့ကြချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် အားကြိုးမာန်တက်ဆောင်ရွက်ကြလျက်ရှိသည်။

အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့မှာပင် အနားမယူနိုင်သေးဘဲ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ပန်းတိုင်သို့ချီရာလမ်းဝယ်အကြီးအကဲနှင့်တကွ သူ၏ကိုယ်စားလှယ်တော်ကြီးများမှာ အမိနိုင်ငံတော်အကျိုးအတွက် တစ်ရံမလပ် စိတ်ကိုနှစ်၍ ရှေးရှုဆောင်ရွက်နေကြပုံမှာ ရှေ့သွားနောက်လိုက် ညီကြပါပေသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသောရည်မှန်းချက်ကသာလျှင် အပြည့်အဝနေရာယူထားကြပုံရသည်။

ခရီးစဉ်၏ ပထမဆုံးသောနေ့ဟုဆိုသည့်တိုင် သည်သို့လျှင် ပညာ၊ သဒ္ဓါ၊ ဝီရိယတည်းဟူသော အင်္ဂါရပ်သုံးတန်ဖြင့် အရှိန်အဟုန်ကောင်းစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများက အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများလည်း ထွက်ပေါ်လာတော့မည်ကို ထင်ရှားစွာပြဆိုနေပါသတည်း။ ။

# ရန်ကုန်မြို့၌ နေ့စဉ် YBS ယာဉ်အစီး ၃၅၀၀ ဝန်းကျင်ပြေးဆွဲပေးနေရာမှ တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း အစီး ၄၀၀၀ ခန့် တိုးချဲ့ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့၌ နေ့စဉ် YBS ယာဉ်အစီး ၃၅၀၀ ဝန်းကျင် ပြေးဆွဲပေးနေရာမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာကျောင်းများသို့ သွားလာရေးအဆင်ပြေစေရန် YBS ယာဉ်အစီး ၄၀၀၀ ခန့် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကာလမှာ မတ်လ ၁၇ ရက်မှ ၂၂ ရက်အထိဖြစ်ပြီး စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုရန်နီးကပ်သည့်အချိန်မှာသော်လည်းကောင်း၊ စာမေးပွဲဖြေဆိုနေစဉ်မှာသော်လည်းကောင်း သွားလာရေးအဆင်ပြေစေရန် YBS ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲရေးဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား အကြောင်းကြားချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က YRTC သို့ ထပ်ဆင့်ညွှန်ကြားလာခြင်းဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကာလအတွင်း လမ်းကြောင်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် YRTC စည်းကမ်းထိန်းသိမ်းရေးနှင့်စစ်ဆေးရေးဌာနမှ အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ မှတ်တိုင်များတွင် တာဝန်ချထားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်းအဖွဲ့များမှ ယာဉ်များဖြင့် လမ်းကြောင်းစစ်ဆေးမှုများဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် YRTC မီနီဘတ်စ်ယာဉ် ၁၀ စီးကိုလည်း အသင့်အနေအထားဖြင့် စောင့်ဆိုင်းထားရှိမည်ဖြစ်ကြောင်းနှင့် ယာဉ်သွားလာမှုခက်ခဲသည့်နေရာ၌လည်း ကားမှတ်တိုင်ရှိ YRTC ဝန်ထမ်းများကို အကူအညီတောင်းခံလာပါက အငှားယာဉ်များ ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းစပါးများစတင်စိုက်ပျိုး

ပွင့်ဖြူ မတ် ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် မတ်လဆန်းပိုင်းမှစ၍ နွေစပါးများစတင် စိုက်ပျိုးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများကို နွေစပါးစိုက်ပျိုးမည့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ဒေသခံတောင်သူများကလည်း ဆည်ရေရရှိသည့်အချိန်မှစ၍ မိမိတို့၏လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းများဆောင်ရွက်ပြီး မတ်လဆန်းပိုင်းမှစတင်ကာ နွေစပါးများကို ကြိုးပမ်းစိုက်ပျိုးနေကြကြောင်း သိရသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေသီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး နွေစပါး ၃၃၂၃၅ ဧကလျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဒေသတွင်းရှိ စပါးစိုက်တောင်သူတွေ နွေစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီလ ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်ကနေစိုက်ပျိုးရေတွေ စနစ်တကျဖြန့်ဝေပေးခဲ့ပါတယ်။ ဒါ့ပြင် နွေစပါးစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းရရှိဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်တွေမှန်ကန်ပြီး စိုက်ပင်အရေအတွက်ပြည့်မီအောင် စိုက်ပျိုးရေး၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါအန္တရာယ်ကြိုတင်ကာကွယ်ရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် ဆည်ရေသောက်ဧရိယာအများဆုံးဖြစ်၍ ဒေသခံတောင်သူများက နှစ်စဉ် မဲဇလီရေလွှဲဆည်ရေ၊ မြေအောက်ရေ၊ ဆိုလာလျှပ်စစ်ရေတင်စနစ်တို့ဖြင့် နွေစပါးများကိုလျာထားစိုက်ဧကပြည့်မီကျော်လွန်အောင်ကြိုးပမ်းစိုက်ပျိုးကြသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာတွင် ဒေသခံတောင်သူများကဈေးကွက်ရှိပြီး အထွက်နှုန်းကောင်းမွန်သော ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေ၊ ဆာဖိုးသာ၊ ပခန်းရွှေဝါ၊ ထိုင်းနံ့ကောက်၊ GW-11 နှင့် ရက် ၁၀၀ စပါးမျိုးတို့ကို အားထားစိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍတွင်ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးရေးနှင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကျင်းပ






**နေပြည်တော် မတ် ၈**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိရုံးအမှတ်(၂၃)လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့်ဇနီးများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူဦးရေ သန်းရှစ်ထောင်ကျော်ရှိသည့်အနက် ကမ္ဘာ့အမျိုးသမီးသည် သန်းလေးထောင်ကျော် (၄၉ ဒသမ ၇၃ ရာခိုင်နှုန်း)ရှိကြောင်း၊ ယခင်နှစ်စာရင်းများအရ ကမ္ဘာတစ်ဝန်းလက်နက်ကိုင်ပဋိပက္ခများအကြားတွင် အမျိုးသမီးနှင့် မိန်းကလေးငယ် ၆၁၂ သန်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) နှင့်အညီ အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်အားလုံးတွင် အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း လျော့နည်းပပျောက်သွားအောင် အသိပညာပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

အမျိုးသမီးများ အကြမ်းဖက်မှုကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" ကိုဖွင့်ထားပြီး လူမှုရေးလိုအပ်ချက်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်ဖြစ်သော "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့" နှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးမြှင့်တင်ခြင်းနှင့် အမျိုးသမီးများ စွမ်းရည်မြင့်မားလာစေရန် အမျိုးသမီးများကို သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ်နယ်ပယ်တွင် ပိုမိုပါဝင်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးတို့တွင် အမျိုးသမီးစွမ်းပကားမြှင့်တင်ပေးရေး လုပ်ငန်းများကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကိုပြသသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့တက်ရောက်လာသူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# "မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့"ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထူးကွင်းဆင်းဆေးကုသ



**နေပြည်တော် မတ် ၈**

မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် တိုင်းရင်းဆေးရုံကြီးမှ တာဝန်ရှိသူများသည် ယနေ့တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းရုံး (ဗဟို)၌ အထူးကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့အဖွဲ့ဝင် ဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်အတွင်းမှ လာရောက်ပြသသည့် ဒေသခံပြည်သူများကို တိုင်းရင်းဆေးဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ တိုင်းရင်းဆေးဝါးများ လက်ဆောင်ဝေငှကြသည်။


ယင်းနောက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဝင်းက တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာနှင့် အနာရောဂါကင်းရှင်းပြီး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရေးအစီအစဉ်တွင် ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (နေပြည်တော်)မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော ဆေးကုသရေးအဖွဲ့ဝင် ၁၅ ဦးတို့က တိုင်းရင်းဆေးဝါးများဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်အဆစ်နာရောဂါများ၊ ထုံနာ၊ ကျဉ်နာ၊ လေငန်း၊ လေဖြတ်၊ အာရုံကြောအားနည်းရောဂါရှင်များ စုစုပေါင်း ၁၇၅ ဦးကို ကုသပေးကြပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ အကြောပြင်ကုသခြင်း၊ ကြပ်ထုပ်ထိုးကုသခြင်း၊ ဆေးစည်း၊ ဆေးကပ်ခြင်းနှင့် အာရုံကြောရောဂါများကို မိုးကြိုးသွားဖြင့် ကုသမှုများဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

## ၈-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# အောင်မြေသာစံမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အောင်မြေသာစံမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မဝိဟာရရီပရိယတ္တိသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် ၁၆၂ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက်တိုင်းမှူးနှင့်တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၈


၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ်(၁၂)မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တို အရှေ့ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။


ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာအထက်တန်းကျောင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းပေးစဉ်။

# မြန်မာ့ရွှေခတ်ခွဲစမ်းသပ်နိုင်ရန် ခတ်ခွဲခန်းများကို ရန်ကုန်မြို့အပါအဝင် တခြားမြို့ကြီးများ၌ဖွင့်လှစ်မည်



ရန်ကုန် မတ် ၈

မြန်မာ့ရွှေခတ်ခွဲစမ်းသပ်နိုင်ရန် နိုင်ငံတကာအဆင့်မီခတ်ခွဲခန်းများကို ရန်ကုန်မြို့အပါအဝင် တခြားမြို့ကြီးများ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)ဥက္ကဋ္ဌ ဦးမျိုးမြင့်၏ပြောပြချက်အရ သိရသည်။

အဆိုပါခတ်ခွဲခန်းများဖွင့်လှစ်နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိရန်ဆောင်ရွက်နေပြီး X-ray စစ်ဆေးသည့်စက်များကိုလည်း မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

"ခတ်ခွဲခန်းတွေက ရန်ကုန်မြို့အပြင် တခြား မြစ်ကြီးနား၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံမြို့တွေမှာလည်း ဖွင့်လှစ်မှာပါ။ စက်တွေက X-ray နဲ့ စမ်းတာတွေရှိတယ်။ နောက်ပြီး သိပ်သည်းဆစမ်းတာတွေရှိတယ်။ အဲဒီအတွက်လည်း မှာယူပြီးပါပြီ" ဟု ဦးမျိုးမြင့်ကပြောသည်။

